The Mirror ကြေးမုံ

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ သောကြာနေ့၊ (31-10-2003) ၂(၄၀၄၀)

အပ္ပမာဒေါ စ ဓမ္မေသု တေံ မင်္ဂလ မုတ္တမံ။

တရား၌ မမေ့မလျော့ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတခေါင်းဆောင်သည့် အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်လည်ပတ်မည်

ရန်ကုန်   အောက်တိုဘာ   ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန် ဆင်း ရှေခါဝပ် ခေါင်းဆောင်သည့် အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည်ဖြစ်သည်။

(သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရင်းစစ်ချုပ် Mr. Li Jinhua နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန်   အောက်တိုဘာ   ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရင်းစစ်ချုပ် Mr. Li Jinhua နှင့်အဖွဲ့အား ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရင်းစစ်ချုပ် Mr. Li Jinhua နှင့်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun လည်း တက်ရောက်သည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရင်းစစ်ချုပ် Mr. Li Jinhua နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ် စောင်ရေ ၁၉၅၈၄၆

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၃၁-၁၀-၂၀၀၃
(သောကြာနေ့)

ဝင်ငွေတိုးရေရှည်အကျိုးဖြစ်ထွန်းမည့် ဈေးကွက်ဝင် ကော်ဖီပင်တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံသည် သဘာဝရေ၊ မြေ၊ ရာသီဥတုကောင်းမွန်သည်။ သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသော နိုင်ငံဖြစ်သည်။ ကုန်းမြေအနိမ့်အမြင့်၊ မြေပြင်အခြေအနေကိုလိုက်၍ စိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံချင်း မတူညီသည်များရှိသည်။ ရေ၊ မြေ၊ ဒေသနှင့်ကိုက်ညီမည့် သီးနှံများကို ပိုမိုစိုက်ပျိုး၍ စီးပွားဖြစ်ထွန်းမှုရှိစေရေး ကြိုးပမ်းကြရန်သာလိုအပ်သည်။

ယခုအခါ တောင်သူလယ်သမားများက သီးနှံစိုက်ပျိုးပြီး အကျိုးများစေရန် အဓိကသီးနှံ (၁၀)မျိုးကို အလေးထား စိုက်ပျိုးကြလျက်ရှိသည်။ စပါး၊ မြေပဲ၊ နှမ်း၊ ဆီနေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံနှင့် ပြောင်း သီးနှံများဖြစ်သည်။

အချို့သော အေးမြသည့် ကုန်းမြင့်ဒေသများတွင် ကော်ဖီ၊ လက်ဖက်၊ ရှောက်ကောင်းစသည့် သီးနှံများကို စိုက်ပျိုးလျက်ရှိသည်။ ဤနေရာတွင် စိုက်ပျိုးသူတောင်သူများအတွက် ဝင်ငွေလည်းတိုး ရေရှည်အကျိုးဖြစ်ထွန်းစေမည့် သီးနှံတစ်မျိုးကို စိုက်ပျိုးကြရန် တိုက်တွန်းလိုသည်။ ထိုသီးနှံမှာ ပြည်ပဈေးကွက်ဝင်သည့် ကော်ဖီသီးနှံပင်ဖြစ်သည်။

ပြင်ဦးလွင်မြို့နယ်သည် သဘာဝ အလှအပများကြောင့် ဂုဏ်သတင်းကျော်ကြားသည့် ဒေသဖြစ်သည်။ ပန်းမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် ကော်ဖီပင်များ စိုက်ပျိုးဖြစ်ထွန်းသည်။ ပြင်ဦးလွင် တောင်စခန်းမြို့၏ ရေ၊ မြေရာသီဥတု ကောင်းမွန်မှုများကြောင့် ကော်ဖီပင်များ စိုက်ပျိုးအောင်မြင်လျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ်နည်းတူ နောင်ချိုမြို့နယ်သည်လည်း မြေမျက်နှာသွင်ပြင်အနေအထား၊ ရာသီဥတုအရ ကော်ဖီပင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အခြေအနေရှိသည်။ ထို့ကြောင့် ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်များအကြား ကော်ဖီပင်ဧက တစ်သိန်း စိုက်ပျိုးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ လျာထားသတ်မှတ်ချက်အနေဖြင့် အဆိုပါ နှစ်မြို့နယ်အတွင်း ဧကငါးသောင်းကျော်စီ စိုက်ပျိုးကြရန်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်များ၌ ကော်ဖီပင်ဧက ခုနစ်ထောင်နီးပါး စိုက်ပျိုးပြီးစီးလျက်ရှိသည်။ ကော်ဖီပင်စိုက်ပျိုးမှုကို စိတ်ဝင်စားသူ များပြားလာလျက်ရှိရာ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက အကူအညီပေးလျက် ရှိသည်။ ယင်းသို့ဖြင့် ဧကနှစ်သောင်းနီးပါးတွင် ကော်ဖီပင်များ ထပ်မံစိုက်ပျိုးလျက်ရှိနေကြပြီဖြစ်သည်။

ကော်ဖီပင်၏ ထူးခြားချက်မှာ စတင်စိုက်ပျိုးပြီးစီးသည်မှ သုံးနှစ်ပြည့်လျှင် အသီးများရရှိနိုင်ခြင်းဖြစ်သည်။ သာဓကအားဖြင့် ပြင်ဦးလွင်မြို့နယ် Green Land ကော်ဖီစိုက်ခင်းတွင် ၁၉၉၉ခုနှစ်က ဧကပေါင်း ၂၇၀ ကျော်တွင် စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ အပင်ပေါင်း သုံးသိန်းကျော် ဖြစ်ထွန်းလျက်ရှိသည်။ ကော်ဖီစိုက်ပျိုးသည့် အကျိုးကျေးဇူး ရလဒ်အဖြစ် ၂၀၀၁ခုနှစ်က ကော်ဖီစေ့ပိဿာ လေးသောင်း၊ ၂၀၀၂ခုနှစ်က ကော်ဖီစေ့ပိဿာ ခုနစ်သောင်း ဆွတ်ခူးရရှိပြီး ပြည်ပသို့ တင်ပို့ခဲ့ရသည်။

ယင်းကဲ့သို့ ပြည်ပဈေးကွက်ဝင်သည့် ကော်ဖီပင်များကို အခြားပြည်နယ်နှင့် တိုင်းများ၌လည်း စိုက်ပျိုးလျက်ရှိကြရာ ဧက ၂၃၀၀၀ကျော် အောင်မြင်လျက်ရှိကြောင်း သတင်းကောင်းများ ကြားသိနေရသည်။ အဆိုပါ ကော်ဖီစိုက်ဧကများအနက် အသီးဆွတ်ခူးနိုင်သော ဧကမှာ လက်ရှိတွင် ဧက ၁၂၀၀၀ ဖြစ်သည်။ နှစ်စဉ် ကော်ဖီစေ့ မက်ထရစ်တန် ၂၄၀၀ ကျော်ထွက်ရှိလျက်ရှိသည်။

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက ကော်ဖီပင်စိုက်ပျိုးလိုသူများကို မျိုးကောင်းမျိုးသန့်၊ ပျိုးပင်နှင့် အရိပ်ရပင်များရရှိရေး၊ မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများရရှိရေး အားပေးကူညီလျက်ရှိသည်။ စိုက်ပျိုးရေးနည်းပညာ၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးရေရရှိရေးများ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ အဘက်ဘက်က အားပေးကူညီမှုများနှင့်အတူ စိုက်ပျိုးသူ တောင်သူဦးကြီးများအနေဖြင့် ဝင်ငွေလည်းတိုး ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ပြည်ပဈေးကွက်ဝင်သည့် ကော်ဖီပင်များကို ပိုမို၍ တိုးချဲ့စိုက်ပျိုးကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၁၄)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်တိုင်း ရွာသာကြီး ကျေးရွာ တဲပိုင်းကြီး တောရ ကျောင်းတိုက်တွင် (၁၄)ကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက် (နိုဝင်ဘာ ၂ရက်) တနင်္ဂနွေနေ့တွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေး၊ ရပ်နီးရှိ တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းအား လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် အောက်တိုဘာ ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပဲခူးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးအဖြစ် ယင်းကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး ဦးသိန်းဝင်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ၁၇ ရက်မြောက်နေ့ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၃၀

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ၁၇ရက်မြောက်နေ့ ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာဖြင့် ယနေ့ဆက်လက်ကျင်းပသည်။

တက်ရောက်အားပေး

ယနေ့ကျင်းပသည့် ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကျင်းပရာသို့ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးတင်ခ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကိုလေးစားချစ်ခင်မြတ်နိုးကြသူများ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြည့်ရှုနားသောတဆင် အားပေးကြသည်။

မဟာဂီတ

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ၏ ၁၇ရက်မြောက်နေ့ အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပညာရှင်အဆင့် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို ကျင်းပရာ "ရွှေပန်းပန် အစချီလေးထွေ သံကပ်နှင့်မြင်းခင်း"သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်သန်းသန်းငြိမ်း၊ မွန်ပြည်နယ်မှ ဒေါ်မြတ်မြတ်မိုး၊ ဧရာဝတီတိုင်းမှ ဒေါ်ခင်သန်းမြင့်၊ မန္တလေးတိုင်းမှ ဒေါ်သပြေ၊ ရှမ်းပြည်နယ်မှ ဒေါ်ခင်သန်းမြင့်၊ ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်၊ မန္တလေးတိုင်းမှ ဒေါ်ဝါဝါရွှေနှင့် ရခိုင်ပြည်နယ်မှ ဒေါ်ရည်ဖုန်းဆွေတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲ၌ "အောင်မြေမြမန်း"(ပတ်ပျိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ဇာနည်ဝင်း၊ စစ်ကိုင်းတိုင်းမှ မောင်မွန်ချမ်းသာဦး၊ ကချင်ပြည်နယ်မှ မောင်အောင်ကြည်စိုး၊ ရန်ကုန်တိုင်းမှ မောင်ဟိန်းထူးဇော်၊ ကရင်ပြည်နယ်မှ မောင်စောကျော်သိဏ်းထီ၊ ရန်ကုန်တိုင်းမှ မောင်ဇေယျာပြည့်ဖြိုး၊ တနင်္သာရီတိုင်းမှ မောင်ဟန်စိုး၊ မကွေးတိုင်းမှ မောင်မျိုးခိုင်(ခ)စတား၊ မန္တလေးတိုင်းမှ မောင်သန့်ဇော်၊ ပဲခူးတိုင်းမှ မောင်ကြာခိုင်နှင့် ဧရာဝတီတိုင်းမှ မောင်ဝင်းထွဋ်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး ညနေပိုင်းတွင် ၁၇ရက်မြောက်နေ့ အဆိုပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

မယ်ဒလင်

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

မယ်ဒလင်အတီးပြိုင်ပွဲတွင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင် မယ်ဒလင် အတီးအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးညိုကြီးနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်(အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲကို စတင်ကျင်းပရာ"ဆန်းနွေဦး"(ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဉာဏ်မင်းထွန်း၊

စာမျက်နှာ ၁၄ ကော်လံ ၁သို့ ✪

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အစီအစဉ်ဇယား

နေရာ (အမျိုးသားပြတိုက်) (ပဒုမ္မာဇာတ်ရုံ)

စဉ်	ရက်စွဲ	အဆို	အတီး
၁၈။	၃၁-၁၀-၂၀၀၃ (သောကြာနေ့)	ဓမ္မပူဇာတေး(နံနက်) (၁) အခြေခံ (၅-၁၀)(မ) ခေတ်ဟောင်း/ကာလပေါ် (နေ့လည်) (၂) အခြေခံ (၅-၁၀) (ကျား)	နှဲ (၁) ပညာရှင် (နံနက်) (၂) အခြေခံ (၁၀-၁၅) (နေ့လယ်) (၃) အခြေခံ (၅-၁၀)(နေ့လည်)

ကြည့်ရှုအားပေး

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ပညာရှင်အဆင့်(အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကို မတရားသိမ်းပိုက်သူများအဖြစ် အီရတ်တို့ ရှုမြင်

နိုင်ငံတကာကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)သည် ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ စစ်ပွဲဖြစ်ပွားသည့်အခါတွင်လည်းကောင်း၊ စစ်ပွဲ ဖြစ်ပွားပြီးနောက် နိုင်ငံပြန်လည်တည်ဆောက်ရေးတွင်လည်းကောင်း စေတနာရှေ့ထား၍ အနစ်နာခံ၊ အခက်အခဲများကို ရင်ဆိုင်ကာ အကူအညီများကို တတ်အားသရွေ့ဖြည့်ဆည်းပေးသည့် အဖွဲ့အစည်းလည်း ဖြစ်သည်။

ယခင် နှင့် ယခု မြင် ကွင်း

အိုင်စီအာရ်စီသည်လည်း အီရတ်နိုင်ငံတွင် နှစ်ပေါင်း ၂၀ကြာ တာဝန်ထမ်းဆောင်နေသည့် အဖွဲ့အစည်းဖြစ်သည်။ အောက်တိုဘာ ၂၇ရက်တွင် ဘဂ္ဂဒက်မြို့၌ ဗုံးများ ဆက်တိုက်ပေါက်ကွဲခံခဲ့ရာတွင် ပထမဆုံး ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်မှာ အိုင်စီအာရ်စီရုံး တည်ရှိရာ အဆောက်အအုံဖြစ်သည်။ ယင်းသို့ ဗုံးပေါက်ကွဲခဲ့ရခြင်းမှာ အီရတ်နိုင်ငံရှိ အိုင်စီအာရ်စီရုံးအဖို့ ပထမဆုံးအကြိမ်တိုက်ခိုက်ခံရခြင်းဖြစ်သည်။

အပေါ်ပုံတွင် ဘဂ္ဂဒက်ရှိ အိုင်စီအာရ်စီရုံးကြီးကို ဗုံးမပေါက်ကွဲမီ တွေ့ရစဉ်။ **(ဓာတ်ပုံ–အင်တာနက်)**

အောက်တိုဘာ ၂၇ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးများ ဆက်တိုက်ဆိုသလို ပေါက်ကွဲခဲ့ရာတွင် အီရတ် ရဲစခန်းသုံးခုနှင့်အတူ နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်စီ အာရ်စီ) ရုံးသည်လည်း အကြီး အကျယ် ပျက်စီးခဲ့ရသည်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များမှာ အီရတ်စစ်မြေပြင်တွင် နေ့စဉ်ဆိုသလို တိုက်ခိုက်ခံနေရသဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာအရ အကြီးအကျယ်ကျဆင်းနေသည်။ ထိုနည်းတူစွာပင် အမေရိကန်နိုင်ငံတွင် ကျန်ရစ်နေသည့် မိသားစုဝင်များနှင့် ဆွေမျိုးသားချင်းများကလည်း အီရတ်စစ်မြေပြင်ရောက် အမေရိကန်တပ်သားများအတွက် ရင်တမမဖြင့် စောင့်ဆိုင်းနေရရှာသည်။ အောက်ပုံတွင် အောက်တိုဘာ ၂၇ရက်က အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်း ပုလဲဆိပ်ကမ်းတွင် ယူအက်စ် နီမစ်ဇ်လေယာဉ်တင်သင်္ဘောဖြင့် အီရတ်စစ်မြေပြင်မှ ပြန်လည်ရောက်ရှိလာမည့် ဖခင်ဖြစ်သူအား မျှော်တလင့်လင့်ဖြင့် စောင့်မျှော်နေရှာသည့် ငါးနှစ်အရွယ် အမေရိကန်ကလေးငယ်တစ်ဦး တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဝိုင်းအုံကြည့်ရှု

ဖော်လူဂျာမြို့သည် အီရတ်နိုင်ငံ အနောက်ပိုင်းတွင်တည်ရှိပြီး မတည်မငြိမ် ဖြစ်နေသည့် မြို့တစ်မြို့လည်းဖြစ်သည်။ အမေရိကန်တပ်ဖွဲ့များကို မကြာခဏတိုက်ခိုက်ခဲ့သည့် နေရာလည်း ဖြစ်သည်။ အောက်တိုဘာ ၂၇ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် တစ်နာရီအတွင်း နေရာလေးနေရာ၌ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် တစ်ရက်အကြာ အောက်တိုဘာ ၂၈ရက်တွင် ဖော်လူဂျာမြို့လည်း ကားဗုံးပေါက်ကွဲခဲ့ပြန်သည်။

ဘဂ္ဂဒက်မြို့တွင် နိုင်ငံတကာ ကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)ရုံးနှင့်တကွ ရဲစခန်းသုံးခု၌ ကားဗုံးများ ပေါက်ကွဲခဲ့ခြင်းဖြစ်သလို ဖော်လူဂျာမြို့တွင်လည်း ရဲစခန်းအနီး၌ ကားဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် ကလေးငယ်များအပါအဝင် အနည်းဆုံး လူခြောက်ဦး သေဆုံးခဲ့ရသည်။ အပေါ်ပုံတွင် ဗုံးဖောက်ခွဲရာတွင် အသုံးပြုခဲ့သည့်ကားကို အီရတ်နိုင်ငံသားများ ဝိုင်းအုံကြည့်ရှုနေကြစဉ်။ (ဓာတ်ပုံ–အင်တာနက်)



အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များသည် ဧပြီလအတွင်းက အီရတ်နိုင်ငံကို သိမ်းပိုက်ခဲ့သည်။ အမေရိကန်တို့သည် အီရတ်နိုင်ငံအား ကျူးကျော်ခဲ့သည့် စစ်ပွဲကို 'အီရတ်လွတ်မြောက်ရေး စစ်ပွဲ'ဟု ခေါ်ခဲ့ကြသည်။ အီရတ်ပြည်သူအများစု၏ အမြင်တွင်မူ ၎င်းတို့အားလွတ်မြောက် အောင်ကယ်တင်သူများဟု မမြင်ကြဘဲ သူတို့နိုင်ငံအား မတရားသိမ်းပိုက်သူများအဖြစ် မြင်ထားကြသည်။

ထို့ကြောင့် အီရတ်ပြည်သူများက အမေရိကန်တပ်သားများကို နေ့စဉ် ရက်ဆက်ဆိုသလို တိုက်ခိုက်လျက်ရှိသည်။ ဆက်ဒမ်ဟူစိန်၏ မွေးရာဇာတိဖြစ်သည့် တီကရစ်မြို့သည် အမေရိကန်တပ်သားများကို အများဆုံးခုခံ တိုက်ခိုက်နေသည့်မြို့ ဖြစ်သည်။

ဝဲပုံတွင် အီရတ်နိုင်ငံအရှေ့မြောက်ပိုင်း တီကရစ်မြို့ရှိ အမေရိကန်၏ အခြေစိုက်စခန်းအပြင်ဘက်တွင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ရာတွင် ထိခိုက်ဒဏ်ရာရသူ အမေရိကန်တပ်သားတစ်ဦးအား လူနာတင်ထမ်းစင်ဖြင့် စစ်မြေပြင်ဆေးရုံသို့ ခေါ်ဆောင်ရန် ပြင်ဆင်နေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်တို့ နေ့စဉ် ရက်ဆက် တိုက်ခိုက် ခံနေရ

ဘဂ္ဂဒက်မြို့တော်မှ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ အမေရိကန်ပြည်ထောင်စုတွင် တာဝန်ရှိဟုဆို

ကိုင်ရို အောက်တိုဘာ ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မှ ဗုံးဖောက်ခွဲတိုက်ခိုက်သည့် မကြာသေးမီကဖြစ်ရပ်များသည် ဆင်ခြင်တုံတရားကင်းမဲ့သော သွေးချောင်းစီးတိုက်ပွဲပင် ဖြစ်ကြောင်း အာရပ်နိုင်ငံများက အင်္ဂါနေ့တွင် ပြောကြားကြသည်။ သို့ရာတွင် အနည်းစုသော အာရပ်နိုင်ငံအချို့က ယင်းဖြစ်ရပ်သည် အမေရိကန် ကျူးကျော်သိမ်းပိုက်ရေးတပ်သားများအား သိမ်းပိုက်သည့်အစိတ်အပိုင်းတစ်ရပ်သာဖြစ်ကြောင်း ပြောကြားကြပြီး အများစုသော အာရပ်တို့က ယင်းသို့သော ကသောင်းကနင်းဖြစ်ပွားမှုများအတွက် အမေရိကန်ပြည်ထောင်စုကိုသာ အပြစ်ဖို့ရမည်ဖြစ်ကြောင်း သဘောတူညီကြသည်။

လူ၃၅ ဦး တနင်္လာနေ့က သေဆုံးခဲ့သည့် ဘဂ္ဂဒက်မြို့တော်မှ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုများအား ကာကွယ်တားဆီးရန်အတွက် အမေရိကန်ပြည်ထောင်စုက အီရတ်ပြည်သူလူထုအား လုံခြုံရေးအစီအစဉ် ပြည့်စုံမှုရှိစေရန် ဖြည့်တင်းရာ၌ ပျက်ကွက်မှုရှိခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ကသောင်းကနင်းဖြစ်

အီရတ်နိုင်ငံရှိ သေဆုံးမှုအားလုံးအတွက် အမေရိကန်ပြည်ထောင်စုက တာဝန်ရှိကြောင်း၊ ဂိုဏ်းဂဏများနှင့် သူခိုးများ ပြန်လည်ခေါင်းထောင်ထနေခြင်းအတွက် အမေရိကန်တွင် တာဝန်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆက်ဒမ်ဟူစိန်၏ ဦးဆောင်မှု ကျဆုံးပြီးသည့်နောက် ကသောင်းကနင်းဖြစ်မှုနှင့် မင်းမဲ့စရိုက်များဖြင့် ပြည့်လျှမ်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အငှားယာဉ်မောင်းသမားမာလက်က ပြောကြားသည်။

ဆက်ဒမ်ဟူစိန် ရာထူးမှ ကျဆင်းခဲ့ပြီးသည့်နောက် အာရပ်ကမ္ဘာတစ်ခွင်တွင် ဒေါသအိုးပေါက်ကွဲသလို ဖြစ်ကာ ရေနံပေါကြွယ်ဝသည့် အီရတ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေး ပြိုလဲခဲ့ရသည်။

စိတ်အားထက်သန်

အချို့သောအာရပ်များက အမေရိကန်ဦးဆောင်သည့် သိမ်းပိုက်မှုအဆုံးသတ်ရန် စိတ်အားထက်သန်လျက်ရှိကြပြီး အများစုကမူ ကိုလိုနီစနစ်အား ပါးပါးလှစ်လှစ်ကလေး ဖုံးကွယ်ထားခြင်းဖြစ်သည်ဟု ထင်မြင်ကြသည်။ ၎င်းတို့က တနင်္လာနေ့တွင် ဘဂ္ဂဒက်ရှိ နိုင်ငံတကာ ကြက်ခြေနီကော်မတီရုံးချုပ် ဗုံးပေါက်ကွဲမှုကို ကြောက်ရွံ့ကြပြီး ယင်းကြောင့် အမေရိကန်တပ်သားများ အနေကြာသွားနိုင်ကြောင်း ပြောကြားကြသည်။

လူလူချင်း စာနာထောက်ထားရေးဆိုင်ရာ အဖွဲ့အစည်းအား ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်မှုသည် သိမ်းပိုက်ရေးတပ်သားများအား အလုပ်အကျွေးပြုသကဲ့သို့ဖြစ်ပြီး ၎င်းတို့ အီရတ်မှ ရုပ်သိမ်းရမည့်အစား ဆက်လက်ကြာရှည်စွာနေထိုင်နိုင်ကြောင်း အာရပ်စော်ဘွားများနိုင်ငံမှ အယ်လ်ခါလိဂျ်သတင်းစာက ရေးသားလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကားဗုံးပေါက်ကွဲ

အောက်တိုဘာ ၂၈ ရက်က မတည်မငြိမ်ဖြစ်နေသည့် အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ရဲစခန်းအနီး ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ အနည်းဆုံး လူလေးဦး သေဆုံးခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ဒုတိယမြို့တော်ဝန် သေနတ်ဖြင့် ပစ်သတ်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

ဘဂ္ဂဒက် ဒုတိယမြို့တော်ဝန်သည် တနင်္ဂနွေနေ့ညက မော်တော်ယာဉ် မောင်းရင်း သေနတ်သမား၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသွားကြောင်းဖြင့် အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါသိမ်းပိုက်ရေးတာဝန်ရှိပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ဒုတိယ မြို့တော်ဝန်ဖြစ်သူ ဖာရစ်အယ်လ်အက်ဆမ်သည် ဘဂ္ဂဒက်ရှိ ၎င်း၏ အိမ်အနီးတွင်ပစ်ခတ်ခံရခြင်းဖြစ်ရှိနေသည်။

ယင်း ဒုတိယမြို့တော်ဝန် သေဆုံးမှုသည် အမေရိကန်အပေါင်းပါတပ်များအတွက် နောက်ထပ် အနှောင့်အယှက်တွေ့ကြုံရခြင်း ဖြစ်သည်။

လေးကြိမ်ဖြစ်ပွား

ယင်းအပေါင်းပါများက ၎င်းတို့ လုပ်ငန်းဆောင်ရွက်ရာအဓိကခြံဝင်းတွင် ဒုံးကျည်ဖြင့် တနင်္ဂနွေနေ့က ပစ်ခတ်ခံရမှုနှင့် လူ ၃၅ဦး သေဆုံးပြီး လူ ၂၃၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အသေခံဗုံး ဖောက်ခွဲမှု လေးကြိမ်ဖြစ်ပွားမှုတို့ကို တွေ့ကြုံခဲ့ပြီးဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့ လောင်ချာဖြင့် ပစ်ခတ်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၉

တနင်္လာနေ့က ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်သားများမှာ လောင်ချာဖြင့်အပစ်ခံခဲ့ရသည့်အတွက် အမေရိကန်စစ်သားတစ်ဦး သေဆုံးသွားပြီး ခြောက်ဦး ဒဏ်ရာရရှိသွားသည်ဟု အမေရိကန်စစ်ဘက်မှ ပြောကြားသည်။

အမှတ်(၁) သံချပ်ကာတပ်မမှ အမေရိကန်စစ်သားများသည် ထောင်ထားသော လက်လုပ်ဗုံးတစ်လုံးကို ဖျက်ဆီးရန်ကြိုးပမ်းနေကြစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်တွင် လက်လုပ်ဗုံးများကို အမေရိကန်စစ်သားများအား ပစ်မှတ်အဖြစ် ရည်ရွယ်ပြီး လမ်းများပေါ်တွင် ထောင်ထားကာ တိုက်ခိုက်လေ့ရှိသည်။

ဆက်လက်ဖြစ်ပွား

အမေရိကန်သမ္မတဘုရှ်က မေ ၁ ရက်တွင် အီရတ်၌ စစ်ပွဲများပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ အီရတ်ခေါင်းဆောင်ဆက်ဒမ်ကို ဖြုတ်ချနိုင်ခဲ့သော်လည်း အဆိုပါစစ်ပွဲမှာ ရပ်မသွားဘဲ တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ထိုဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများအတွင်း သေဆုံးခဲ့ရသော အမေရိကန်စစ်သည်စုစုပေါင်းမှာ ၁၁၄ ဦးရှိသွားပြီဖြစ်သည်။

ဘဂ္ဂဒက်နှင့် မြို့တော်၏မြောက်ဘက်နှင့် အနောက်ဘက်အရပ်များတွင် အမေရိကန်နှင့် ယင်းဦးဆောင်သောတပ်ဖွဲ့များကို အကြိမ်ရေ ခပ်စိတ်စိတ် တိုက်ခိုက်ခံနေရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ တီကရစ်မြို့တွင် အမှတ်(၄) ခြေလျင်တပ်မမှ တပ်သားများ ညပိုင်းစီးနင်းဝင်ရောက်ရှာဖွေစဉ် ဆွေမျိုးသားချင်းတော်သူအမျိုးသားများကို ဖမ်းဆီးခေါ်ဆောင်သွားသည့်အတွက် အီရတ်အမျိုးသမီးကြီးတစ်ဦးနှင့် မိန်းကလေးများငိုယိုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စားနပ်ရိက္ခာအတွက် ရေနံရောင်းချရေး အီရတ်အစီအစဉ် ပြဿနာများနှင့် ကြုံတွေ့နေရ

ကုလသမဂ္ဂ အောက်တိုဘာ ၂၉

ကန်ထရိုက်လုပ်ငန်းများကို မှန်ကန်စွာ ပြန်လည်ညှိနှိုင်းနိုင်ရေးအတွက် အီရတ်နိုင်ငံ၏ ဒေါ်လာများစွာတန်ဖိုးရှိသော စားနပ်ရိက္ခာအတွက် ရေနံရောင်းချရေးအစီအစဉ်တွင် ကုလသမဂ္ဂ၏အခန်းကဏ္ဍ ဆက်လက်ထားရှိရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်များက အမေရိကန်နှင့်ဗြိတိန်တို့အား အင်္ဂါနေ့က တိုက်တွန်းလိုက်သည်။

စတင်ထူထောင်

အဆိုပါ ကုလသမဂ္ဂအစီအစဉ်မှာ ဆက်ဒမ်ဟူစိန်အစိုးရအား ကုလသမဂ္ဂပိတ်ပင်ရာတွင် အီရတ်ပြည်သူများအပေါ် ထိခိုက်နစ်နာမှုလျော့ပါးစေရန် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်ထူထောင်သည့်အစီအစဉ်ဖြစ်သည်။

များစွာရှုပ်ထွေး

စစ်ပွဲပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ထိုအစီအစဉ်ကို နိုဝင်ဘာ ၂၁ ရက်တွင် အဆုံးသတ်ရန် လုံခြုံရေးကောင်စီက ဆုံးဖြတ်သည်။ သို့သော် ယင်းသို့ဆောင်ရွက်ခြင်းဖြင့် မျှော်လင့်ထားသည်ထက် ပိုမို၍ များစွာရှုပ်ထွေးလာကြောင်း ပြသနေသည်။ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလျံဖိုး ရေနံများမှာပြီး ငွေလည်း ပေးချေပြီးဖြစ်သည်။ သို့သော် မတ်လအတွင်း အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသောအခါ ရေနံများ လွှဲပြောင်းပေးအပ်ခြင်း မပြုနိုင်တော့ပေ။

လွှဲအပ်မည်

စားနပ်ရိက္ခာအတွက် ရေနံရောင်းချရေး အစီအစဉ်ပြီးစီးရန် သတ်မှတ်ထားသော နောက်ဆုံးအချိန်ကိစ္စကို အီရတ်ပြည်သူများလက်သို့ လွှဲအပ်မည်ဖြစ်ကြောင်း၊ မိမိတို့အပေါင်းပါတပ်ဖွဲ့၏ အာဏာပိုင်များက ယင်းကိုမပြောင်းလဲနိုင်ကြောင်းဖြင့် လုံခြုံရေးကောင်စီ အစည်းအဝေးတွင် အမေရိကန်နှင့် ဗြိတိန်သံအမတ်ကြီးများက ပြောဆိုသည်။

စိုးရိမ်

အသွင်ကူးပြောင်းရေးကာလအတွင်း ကမ္ဘာတစ်ဝန်းမှ ကုမ္ပဏီများနှင့်တကွ အီရတ်အရပ်သူ၊ အရပ်သားများ နစ်နာမည်ကို စိုးရိမ်သူများတွင် ကုလသမဂ္ဂဆိုင်ရာ ဂျာမနီသံအမတ်ကြီး ရန်တာပလူဂါလည်း ပါဝင်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့ ဟိုတယ်တစ်ခုအနီး အသေခံကားဗုံးဖောက်ခွဲရာသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြေးလွှားရောက်ရှိလာသည့် အီရတ်ရဲတပ်ဖွဲ့ဝင်များ။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေး သမ္မတဘုရှ်၏ဦးဆောင်မှု အမေရိကန်မဲဆန္ဒရှင်များ ယုံကြည်မှုကင်းမဲ့

ဝါရှင်တန် အောက်တိုဘာ ၃၀

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေစဉ် အမေရိကန်ပြည်ထောင်စုမှ ပါတီစွဲမရှိသည့် မဲဆန္ဒရှင်များက အီရတ်နိုင်ငံအရေး ဦးဆောင်မှုနှင့်ပတ်သက်၍ သမ္မတဂျော့ဂျ်၊ ဘုရှ်အား ယုံကြည်မှုကင်းမဲ့လျက်ရှိကြကြောင်း နောက်ထပ်ပြုလုပ်သည့် လူထုသဘောထား စစ်တမ်းအသစ်တစ်ရပ်အရ သိရှိရသည်။

သမ္မတဘုရှ်က အီရတ်နိုင်ငံတွင် အဓိက တိုက်ခိုက်မှုများ အဆုံးသတ်သွားပြီဟု မေ ၁ ရက်က ကြေညာပြီး ကတည်းက အီရတ်နိုင်ငံ၏ အခြေအနေကို အမေရိကန်အစိုးရက ကွပ်ကဲအုပ်ချုပ်မှုနည်းလမ်းအား မဲဆန္ဒရှင် ၃၉ ရာခိုင်နှုန်းက ထောက်ခံကြပြီး ၅၇ ရာခိုင်နှုန်းက ထောက်ခံမှု မရှိကြောင်း အမေရိကန် တူဒေးနှင့်စီအင်န်အင်န် သဘောထားစစ်တမ်းကောက်ယူရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သိသိသာသာကျဆင်း

ဧပြီလနှောင်းပိုင်းက ပါတီစွဲ မရှိသူ မဲဆန္ဒရှင်များ၏ ၇၃ရာခိုင်နှုန်းနှင့် ပြည်သူတစ်ရပ်လုံး မဲဆန္ဒရှင်များ၏ ၈၀ရာခိုင်နှုန်းက အီရတ်စစ်ပွဲ ဆင်နွှဲမှုကို ထောက်ခံခဲ့ရာမှ ယခုကဲ့သို့ သိသိသာသာကျဆင်းခဲ့ခြင်းဖြစ်သည်။

ဆန္ဒနည်းပါး

အဆိုပါ သဘောထားကောက်ယူမှု စစ်တမ်းအရ သမ္မတဘုရှ်အား မဲပေးရန် ဆန္ဒနည်းပါးလျက်ရှိကြပြီး ၃၅ ရာနှုန်းသော မဲဆန္ဒရှင်များက ဘုရှ်အား ရွေးချယ်ကြကာ ၄၂ ရာနှုန်းသော မဲဆန္ဒရှင်များက အမည်နာမ တပ်မထားသည့် ဒီမိုကရက် အမတ်ကို မဲပေးရန် ကြိုက်နှစ်သက်ကြသည်။ မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်များ အားလုံးတွင် သမ္မတဘုရှ်က အမည်တပ်မထားသည့် ဒီမိုကရက် အမတ်များအား ၄၆ ရာခိုင်နှုန်းဖြင့် ဦးဆောင်လျက်ရှိသည်။

ကောက်ယူ

အဆိုပါလူထုသဘောထား ကောက်ယူမှုစစ်တမ်းကို ပြည်သူ ၁၀၀၆ ဦးအား သောကြာနေ့မှ တနင်္ဂနွေအတွင်း ကောက်ယူခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ပြည်သူများ၏သဘောထား အမေရိကန် လျစ်လျူရှုခဲ့ ဘုရှ်အပေါ် လက်တင်အမေရိကပြည်သူများ စိတ်ပျက်

မီယာမီ အောက်တိုဘာ ၂၉

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က **အီရတ်နိုင်ငံအား စစ်ပွဲဆင်နွှဲရန်ကိစ္စတွင် ကမ္ဘာ့ပြည်သူများ၏ သဘောထားကို လျစ်လျူရှုပြီး ဒေသဆိုင်ရာ လွတ်လပ်သည့် ကုန်သွယ်ရေး ထူထောင်ရန်အတွက် တွန်းအားပေး ဆောင်ရွက်နေသော အမေရိကန်ပြည်ထောင်စု၏ ရည်မှန်းချက်များအပေါ် မကျေနပ်မှု နောက်ခံဖြစ်ရပ်မှာ စိတ်ပျက်စရာကောင်းလှကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် လူထုသဘောထား ကောက်ယူမှု စစ်တမ်းအရ သိရှိရသည်။**

ယင်းသဘောထားစစ်တမ်းကို လက်တင် **အမေရိက ဇော့ဂ်ဘီ နိုင်ငံတကာ စစ်တမ်းကောက်ယူရေးဌာနနှင့် မီယာမီစီးပွားရေးလုပ်ငန်း တက္ကသိုလ်က ကောက်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းအဖွဲ့က လက်တင်အမေရိက ပြည်သူများအား မေးမြန်းခဲ့သူထဲမှ ၁၂ ရာခိုင်နှုန်းသောသူတို့က သမ္မတဘုရှ်၏ လက်တင်အမေရိကဒေသနှင့်ဆိုင်သော လုပ်ဆောင်ချက်များအား ကောင်းသည်ဟု ထင်မြင်ကြသည်ဟု ဆိုသည်။ လက်တင်အမေရိကဒေသ၏ အကြီးဆုံးသော ဘရာဇီးနိုင်ငံမှ ၉၁ ရာခိုင်နှုန်းသောသူတို့က အမေရိကန် ခေါင်းဆောင်ဘုရှ်အား မကောင်းမြင်ကြသည်။ မက္ကဆီကိုတွင် ငါးရာခိုင်နှုန်းသော ပြည်သူတို့ကသာ ဘုရှ်အား အကောင်းမြင်ကြသည်။**

၃၄ နိုင်ငံပါဝင်သည့် အမေရိကဒေသများ၏ လွတ်လပ်သော ကုန်သွယ်ရေးဒေသ (အက်ဖ်တီအေအေ)မှ အကျိုးအမြတ်ရရှိစေရန် သမ္မတဘုရှ်က ရပ်တည်ဆောင်ရွက်ခဲ့သည့်အတွက် မပြေမလည်ဖြစ်ခဲ့မှုများ၏ ရောင်ပြန်ဟပ်မှုကြောင့် သမ္မတဘုရှ်အပေါ် အဆိုးမြင်သဘောထား ရှိခဲ့ကြခြင်းဖြစ်သည်။

လက်တင်အမေရိကဒေသမှ ခေါင်းဆောင် **၅၃၇ ဦးမှ ထက်ဝက်ခန့်က အမေရိကန်ပြည်ထောင်စုသည် ယင်းဒေသဆိုင်ရာ လွတ်လပ်သည့် ကုန်သွယ်မှုစနစ်အရ အများဆုံး အကျိုးဖြစ်ထွန်းခဲ့သည်ဟု ယုံကြည်နေကြသည်။**

ဇော့ဂ်ဘီနှင့် မီယာမီ စီးပွားရေးလုပ်ငန်း တက္ကသိုလ်မှ လူထုစစ်တမ်း ကောက်ယူရေးအဖွဲ့သည် အာဂျင်တီးနား၊ ဘရာဇီး၊ ချီလီ၊ ကိုလံဘီယာ၊ မက္ကဆီကိုနှင့် ဗင်နီဇွဲလားနိုင်ငံများရှိ အစိုးရအဖွဲ့၊ မီဒီယာသတင်းဌာန၊ စီးပွားရေးလုပ်ငန်းနှင့် ပညာရေးဆိုင်ရာ ကျောင်းများမှ လက်တင်အမေရိက နေထိုင်သူများအား စစ်ဆေးမေးမြန်း၍ သဘောထားကောက်ယူခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်စစ်ပြေး ဒုက္ခသည်များ နေရပ်သို့ ပြန်လည်ရောက်ရှိ

ကုလသမဂ္ဂ အောက်တိုဘာ ၂၉

ကုလသမဂ္ဂက ပြီးခဲ့သောနှစ် မတ်လမှစ၍ အာဖဂန်နစ္စတန်၌ မွေးရပ်မြေပြန်လည်ပို့ဆောင်ရေး အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အာဖဂန်နိုင်ငံသား စစ်ပြေးဒုက္ခသည် ၂ဒသမ၅သန်းကျော် မွေးရပ်ဇာတိသို့ ပြန်လည်ရောက်ရှိပြီ ဖြစ်ကြောင်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက အင်္ဂါနေ့တွင် ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ။

အသေခံဗုံးခွဲမှု ဖော်လူဂျာ၌ ဖြစ်ပွား

ဖော်လူဂျာ (အီရတ်)
အောက်တိုဘာ ၂၉

အီရတ်နိုင်ငံမှ မငြိမ်မသက်ဖြစ်နေသည့် ဖော်လူဂျာမြို့ရှိ ရဲဌာနအနီးတွင် အသေခံကားဗုံး ဖောက်ခွဲမှုတစ်ရပ် အင်္ဂါနေ့ကဖြစ်ပွားရာ ဗုံးဖောက်ခွဲသူနှင့် အရပ်သားလေးဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လူတစ်ဦး မောင်းနှင်လာသည့် ကားငယ်တစ်စီးသည် ဘဂ္ဂဒက်အနောက်ပိုင်း ဖော်လူဂျာရှိ ရဲဌာနမှ မီတာ ၁၀၀ အကွာတွင် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ရဲအရာရှိများက ပြောကြားသည်။

ဗုံးပေါက်ကွဲသည့်နေရာအား အမေရိကန်တပ်သားများက လမ်းသွားလမ်းလာ ပိတ်ထားလိုက်သည်။

ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားလေးဦးသေဆုံးကြောင်း ဗိုလ်မှူး အဗ္ဗဒူကာရင်းက ပြောကြားသည်။

ယင်း ဖြစ်ပွားမှုဖြင့် ပတ်သက်၍ ရတ်တရက် သတင်းပေးပို့မှုမရသေးကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံ ၂၀၅၀ ပြည့်နှစ်တွင် အိန္ဒိယဖြစ်ရန် ရည်မှန်းထား

ဝါရှင်တန် အောက်တိုဘာ ၂၉

၂၀၅၀ ပြည့်နှစ်အရောက်တွင် အိန္ဒိယနိုင်ငံသည် တရုတ်ပြည်နှင့် အမေရိကန် ပြည်ထောင်စုတို့ပြီးလျှင် ကမ္ဘာပေါ်၌ တတိယမြောက်စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်လာမည်ဟု ရည်မှန်းထားကြောင်း မကြာသေးမီက ထုတ်ပြန်သည့် လေ့လာဆန်းစစ်ချက် အစီရင်ခံစာတစ်စောင်အရ သိရသည်။

သာလွန်နိုင်

ယခုရာစုနှစ်လယ်အရောက်တွင် တရုတ်၊ အိန္ဒိယ၊ ရုရှားနှင့် ဘရာဇီးတို့၏ စုစုပေါင်းစီးပွားရေးအင်အားသည် ယခုမျက်မှောက် ဂျီခြောက်နိုင်ငံများဖြစ်ကြသည့် အမေရိကန်၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီနှင့် ဗြိတိန်နိုင်ငံတို့၏ စီးပွားရေးအင်အားထက် သာလွန်နိုင်ကြောင်း အဆိုပါအစီရင်ခံစာကို ကိုးကားလျက် ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

အလှမ်းကွာဝေး

ယင်းအချက်က စီးပွားရေးနှင့်ဘဏ္ဍာရေးအင်အားသည် မိမိတို့နှင့် အလှမ်းဝေးကွာသွားမည်ဖြစ်ကြောင်းကို ပြနေခြင်းဖြစ်ကြောင်း ထိပ်တန်းစီးပွားရေးပညာရှင်နှင့် အစီရင်ခံစာကို ရေးသားသူများအနက် တစ်ဦးဖြစ်သူ ဒိုမီနစ်ဝီလ်ဆင်က ပြောကြားသည်။

ခန့်မှန်းရေးသား

၂၀၅၀ ပြည့်နှစ်အရောက်တွင် အမေရိကန်နိုင်ငံ၏ စီးပွားရေးအင်အားသည် တရုတ်ပြည်နှင့် နံပါတ်သုံးနေရာတွင်ရှိမည့် အိန္ဒိယတို့အကြားတွင် နံပါတ်နှစ်နေရာ၌ရှိမည်ဟု အစီရင်ခံစာက ခန့်မှန်းရေးသားထားသည်။

အမ်အင်အေ၊ပီတီအိုင်။

ကူမင်း-ဗန်ကောက် အဝေးပြေးလမ်းမ မကြာမီတည်ဆောက်မည်

ဘေဂျင်း အောက်တိုဘာ ၂၉

တရုတ်ပြည် အနောက်တောင်ပိုင်း ကူမင်းမြို့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို ဆက်သွယ်မည့် နယ်စပ်ဖြတ်ကျော် အဝေးပြေးလမ်းမကြီး တည်ဆောက်ရေးကို ကူမင်းမြို့တွင် မကြာမီစတင်တော့မည်ဖြစ်ကြောင်း တရုတ်ဆက်သွယ်ရေး ဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ အဝေးပြေးလမ်းမကြီးသည် စုစုပေါင်း အရှည် ၁၈၈၇ ကီလိုမီတာရှိမည်ဖြစ်ပြီး လာအိုနိုင်ငံကို ဖြတ်ကျော်တည်ဆောက်မည် ဖြစ်သည်။

တရုတ်ပြည်သည် ယင်းအဝေးပြေးလမ်းမကြီးအတွက် အမေရိကန်ဒေါ်လာ ၂ဒသမ၁ဘီလျံနှင့် ညီမျှသော တရုတ်ယွမ်ငွေ ၁၇ဒသမ၂၅ ဘီလျံ သုံးစွဲမည်ဖြစ်ပြီး လာအိုနိုင်ငံသို့ လမ်းတည်ဆောက်ရေးအတွက် ချေးငွေနှင့် လှူဒါန်းငွေအဖြစ် အမေရိကန်ဒေါ်လာ သန်း ၃၀ ကူညီမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ တီကရစ်မြို့၌ အရဏ်မတက်မီ စီးနင်းဝင်ရောက်ရှာဖွေရာ၌ အီရတ်နိုင်ငံသားတစ်ဦးအား အမေရိကန်တပ်သားတစ်ဦးက စေ့စေ့စပ်စပ် ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာအမျိုးသမီးအားကစား ကမ္ဘာကိုရင်ပေါင်တန်းနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော **အမျိုးသမီးများနှင့် အားကစား**ဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲကို နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**နှင့် အားကစားဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် **မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်**ဟူသော အချက်များကို ဦးတည်၍ မြန်မာအမျိုးသမီးတစ်စု ကြံ့ခိုင်ရေးမှ အမျိုးသမီးထု ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင်ရေး၊ အမျိုးသမီးများ၏ ယှဉ်ပြိုင်အားကစားကမ္ဘာ့အဆင့်မီ တက်လှမ်းနိုင်ရေး စသော ရည်ရွယ်ချက် နှစ်ရပ်ဖြင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနတွင် ၂၈-၉-၂၀၀၃မှ ၂၉-၉-၂၀၀၃ အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

စာရေးသူသည် ထိုဆွေးနွေးပွဲသို့ ချင်းပြည်နယ်ကိုယ်စားပြု၍ တက်ရောက်ခွင့်ရခဲ့ပါသည်။ ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကား ပြောကြားပါသည်။ ၎င်းအဖွင့်အမှာစကားတွင် "နိုင်ငံတော်အစိုးရသည် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာအမျိုးသမီးများကို နိုင်ငံတကာအမျိုးသမီးများနှင့် အဘက်ဘက်မှ ရင်ပေါင်တန်းနိုင်စေရေးတို့အတွက် ဘက်စုံကဏ္ဍစုံမှ အားပေးလျက်ရှိကြောင်း၊ ဘက်စုံကဏ္ဍစုံမှ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် အားကစား စသည့် ကဏ္ဍအလိုက် မြှင့်တင်ဆောင်ရွက်မှသာ ရည်မှန်းချက်အောင်မြင်မည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်အစိုးရ၏ အားပေးမှုကြောင့် ဖြစ်တည်လာသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် စသည့် လူမှုရေးအသင်းအဖွဲ့များသည် သက်ဆိုင်ရာကဏ္ဍအလိုက် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်းအစပြု၍ မြန်မာအမျိုးသမီးများ အားကစားကဏ္ဍတွင် နိုင်ငံတကာနှင့်ယှဉ်၍ တာထွက်နောက်ကျသည် ဆိုသော်လည်း အချိန်တိုအတွင်း အောင်မြင်မှုများ စဉ်ဆက်မပြတ် ပေါ်ထွက်လာခြင်းအပေါ် အကျယ်တဝင့် ရှင်းလင်းပြောကြား၍ နိဂုံးချုပ်အနေဖြင့် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားမှုမှသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှုကို ဖော်ဆောင်ပေးနိုင်ရေးအတွက် အမျိုးသမီးအားကစားကဏ္ဍမှ ထိထိရောက်ရောက် အထောက်အကူပြုနိုင်ရန်၊ မြန်မာအမျိုးသမီးများ၏ သမိုင်းအစဉ်အလာကောင်းများနှင့်အညီ ထူးချွန်ထက်မြက်သည့် အမျိုးသမီးအားကစားမယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်၊ မြန်မာအမျိုးသမီးများကဏ္ဍ တိုးတက်မြင့်မားသည်ထက် မြင့်မားလာစေရန်၊ မြန်မာအမျိုးသမီးများကိုယ်တိုင် တက်ညီလက်ညီ ကြိုးပမ်းမြှင့်တင်ပေးရန်" စသည်တို့ကို လမ်းညွှန်မြွက်ကြားသွားပါသည်။

၂၈-၉-၂၀၀၃နေ့ နံနက်ပိုင်းတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် နာယက ဦးကြည်ညွန့်နှင့် တွဲဖက်သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ နာယကကြီးများ၊ ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဆောင်ရွက်ပါသည်။ စာတမ်းရှစ်စောင်တင်သွင်းရာ **ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်စာတမ်း**ကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၁)ပါမောက္ခ ဒေါက်တာဒေါ်မြမြကလည်းကောင်း၊ **မြန်မာအမျိုးသမီးများ၏ အားကစားနောက်ခံသမိုင်း**စာတမ်းကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အမှုဆောင် ဒေါ်ရီရီဝင်းကလည်းကောင်း၊ **အားကစားအဓိပ္ပာယ် ဖွင့်ဆိုချက်၊ ကာယပညာနှင့် အားကစားဈေးကွက်ဆိုင်ရာလုပ်ငန်း** စာတမ်းကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဦးခင်မောင်လွင်ကလည်းကောင်း၊ **အားကစားစိတ်ပညာ** စာတမ်းကို ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ဌာနမှူး ပါမောက္ခ ဒေါ်ခင်အေးဝင်းကလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြပါသည်။

နေ့လယ်ပိုင်း သဘာပတိအဖြစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တွဲဖက်သဘာပတိအဖြစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်မေမေရီက ဆောင်ရွက်ပါသည်။ **အားကစားခေါင်းဆောင်မှု**စာတမ်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်ကလည်းကောင်း၊ **အားကစားဆိုင်ရာ စီမံအုပ်ချုပ်ကွပ်ကဲမှု** စာတမ်းကို အားကစားဝန်ကြီးဌာနပညာရှင် ဦးရဲထွဋ်တင်ကလည်းကောင်း၊ **အားကစားဆေးပညာ**စာတမ်းကို မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဆေးမှူး ဒေါက်တာမြလေးစိန်ကလည်းကောင်း ဖတ်ကြားတင်သွင်းကြပါသည်။

စာတမ်းရှင်များက စာတမ်းများတင်သွင်းရာတွင် ပြည့်စုံရှင်းလင်းစွာ တင်သွင်းသွားကြသောကြောင့် တက်ရောက်သူများသည် ခေါင်းစဉ်များအလိုက် ဗဟုသုတများစွာ ရရှိပါသည်။ မြန်မာအမျိုးသမီးများ၏ အားကစား နောက်ခံသမိုင်းကို လေ့လာခြင်းအားဖြင့် စာရေးသူတို့ မမွေးမီ ရှေးပဝေသဏီကပင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနည်းတူ အားကစားလှုပ်ရှားမှုများတွင် ပါဝင်လှုပ်ရှားခဲ့ကြကြောင်း၊ ယခုခေတ် မြန်မာအမျိုးသမီးများ ဘောလုံးကစားခြင်းကို အဆန်းတကြယ်ဖြစ်နေသော စာရေးသူတို့သည် ၁၉၂၄ ခုနှစ် လောက်ကပင် မြန်မာအမျိုးသမီးများ ဘောလုံးကစားခဲ့ကြောင်း သိရှိကြရပါသည်။ မြန်မာအမျိုးသမီးများ ဂေါက်သီးကစားခြင်း၊ အလေးမခြင်းတို့အပေါ် စာရေးသူတို့၏ စိတ်ဝင်စားမှုသည်လည်း ၁၉၃၅ ခုနှစ်လောက် ကတည်းက မြန်မာအမျိုးသမီးများ ဂေါက်သီးကစားခဲ့ကြောင်း၊ အလေးမခဲ့ကြောင်း သိရှိရ၍ များစွာအံ့သြဂုဏ်ယူဝမ်းမြောက်ခြင်း ဖြစ်ရပါသည်။

၁၉၅၀ ပြည့်နှစ်မှ ၁၉၉၁ ခုနှစ်ထိ မြန်မာအမျိုးသမီးများသည် အားကစားကဏ္ဍတွင် အထိုက်အလျောက် အောင်မြင်မှုများရခဲ့ကြကြောင်း၊ ၁၉၉၁ ခုနှစ် မတ်လ ၁ရက်နေ့တွင် နိုင်ငံတော်အစိုးရက မြန်မာအမျိုးသမီးများ ကျန်းမာကြံ့ခိုင်၍ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ကို ဥက္ကဋ္ဌအဖြစ် ပါမောက္ခဒေါက်တာဒေါ်မေမေရီ ဦးဆောင်၍

မေချင်း (ဟားခါး)

ဖွဲ့စည်းပေးခဲ့ကြောင်း၊ နိုင်ငံတော်ခေါင်းဆောင်ကြီးများ၏ ဇနီးများကလည်း နာယကကြီးများ အဖြစ်တာဝန်ယူ၍ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်းလည်း သိရှိရပါသည်။

၁၉၉၆ခုနှစ်တွင် အားကစားနှင့်ကာယပညာ ဦးစီးဌာနကို ဝန်ကြီးဌာနတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းပေးပြီးသည့်နောက်ပိုင်းတွင် အားကစားကဏ္ဍကို ပိုမိုတိုးမြှင့်ပျိုးထောင်ပေးမှုကြောင့် မြန်မာအမျိုးသမီးများသည် နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပိုမိုရရှိကြကြောင်းလည်း သိရှိရပါသည်။

၂၀၀၂ခုနှစ် ဆွစ်ဇာလန်နိုင်ငံ လောဇမ်းမြို့တွင် ကျင်းပသော အာရှတိုက်အတွက် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ **အမျိုးသမီးနှင့် အားကစားဆု**ကို မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်သို့ ချီးမြှင့်ခဲ့ကြောင်း သိရှိပါသည်။ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်ကို ၁၉၉၁ ခုနှစ်တွင် စတင်ဖွဲ့စည်း၍ အဖွဲ့ချုပ်က လုပ်ဆောင်မှုများဖြစ်သည့် အမျိုးသမီးနှင့် အားကစားဆိုင်ရာ လုပ်ငန်းများတွင် လမ်းညွှန်အားပေးကူညီ ပံ့ပိုးမှုများ၊ အမျိုးသမီးနှင့် အမျိုးသား တန်းတူရည်တူအခွင့်အရေးရရှိမှုများအပြင် မြန်မာအမျိုးသမီးများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် လုပ်ငန်းများကိုပါ တိုးတက်ဖွံ့ဖြိုး အောင် ဆောင်ရွက်နိုင်မှုများနှင့် အဖွဲ့ချုပ်ကို ဦးဆောင်နေသော ဒေါက်တာ ဒေါ်မေမေရီသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သည့် အားလျော်စွာ အမျိုးသမီးများ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဖွဲ့ချုပ်ရှိ နာယကကြီးများ၏ လမ်းညွှန်ပံ့ပိုးမှုများ ရရှိလာသည့်အတွက် အမျိုးသမီးများ ကာယပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိလာပြီး အမျိုးသမီးနှင့် အားကစားကဏ္ဍတွင်အမျိုးသားအဆင့်မှ အပြည်ပြည်ဆိုင်ရာအဆင့်သို့ ရောက်ရှိလာခြင်းတို့ကြောင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ကို International Olympic Committee Women and Sport, Trophy for Asia ဆုချီးမြှင့်ခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။

နေ့လယ်ပိုင်းတွင် တက်ရောက်သူများမှ အုပ်စုလေးစုခွဲ၍ အမျိုးသမီးထု ကျန်းမာကြံ့ခိုင်ရေးနှင့် အမျိုးသမီးများ၏ အားကစားအဆင့်အတန်း တိုးတက်ရေး၊ ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အမျိုးသမီးအားကစားသမားများ တိုးတက်ထွက်ပေါ်လာစေရေး ခေါင်းစဉ်ဦးတည်ချက်နှစ်ခုပေါ်တွင် ဆွေးနွေးကြပါသည်။

၂၉-၉-၂၀၀၃ နံနက်ပိုင်းတွင် အုပ်စုလိုက် ဆွေးနွေးပွဲဆက်လက်ပြုလုပ်၍ ညနေပိုင်းတွင် သဘာပတိအဖြစ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအယ်လ်အောင်ဒင်နှင့် တွဲဖက်သဘာပတိအဖြစ် ပါမောက္ခဒေါက်တာဒေါ်မြမြတို့က ဆောင်ရွက်ပြီး အဖွဲ့လေးဖွဲ့မှ ဆွေးနွေးချက်များကို အုပ်စုလိုက် ရွေးချယ်ထားသူများက တင်ပြကြပါသည်။ ထိုတင်ပြချက်များကို အတွင်းရေးမှူးများအဖွဲ့မှ ပေါင်းစပ်ညှိနှိုင်း၍ ထွက်ပေါ်လာသော ရလဒ်များကို အတွင်းရေးမှူးများအဖွဲ့ တာဝန်ခံ ဒေါက်တာဒေါ်စန်းရွှေက ပြန်လည် တင်ပြပါသည်။

ထွက်ပေါ်လာသောရလဒ်များ၏ အဓိကအချက်များမှာ အမျိုးသမီးထု တစ်ရပ်လုံး အားကစားတွင် စိတ်ပါဝင်စားလာစေရေးအတွက် နည်းမျိုးစုံဖြင့် ဆောင်ရွက်သွားရန်၊ လူထုအားကစားလှုပ်ရှားမှုများကို နိုင်ငံနှင့်အဝန်း ကျင်းပပြုလုပ်သွားရန်၊ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန်၊ ထူးချွန်ထက်မြက်သော အားကစားမယ်များကို မှန်မှန်ကန်ကန်ရွေးချယ်၍ အလားအလာရှိသူများကို အားကစားသိပ္ပံသို့ တက်ရောက်နိုင်ရေး စီစဉ်ပေးရန်၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ဖော်ထုတ်သွားရန်၊ အားကစားသိပ္ပံများ တိုးချဲ့တည်ထောင်သွားရန်၊ အားကစားတက္ကသိုလ် ဖွင့်လှစ်နိုင်ရေး စဉ်းစားပေးရန်၊ နိုင်ငံတကာအားကစားပွဲများ စီစဉ် ဆောင်ရွက်ပေးရန်၊ ထူးချွန်သူများကို အရည်အချင်းတစ်ရပ်အဖြစ် အသိအမှတ်ပြု ချီးမြှင့်ပေးရန်၊ ထောက်ပံ့ကြေးများ၊ ပညာသင်စရိတ်များ ချီးမြှင့်ပေးရန်၊ အလုပ်အကိုင်ရှာဖွေပေးရန်၊ အာမခံထားရှိပေးရန်၊ အားကစားထူးချွန်သူများ၏ အတ္ထုပ္ပတ္တိကို ပြုစုထိန်းသိမ်းထားရန်၊ ပြည်တွင်း၊ ပြည်ပမှ အလှူငွေရရှိရေးအတွက် ဆောင်ရွက်ရန်၊ အားကစားနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများ ပြုလုပ်ရန်နှင့် အားကစားပြတိုက်ထားရှိရန် စသည်တို့ဖြစ်ပါသည်။

၎င်းဆွေးနွေးပွဲ၏ ထူးခြားချက်မှာ မြန်မာ့အားကစားသမိုင်းတွင် မြန်မာ့ဂုဏ်ကိုဆောင်ခဲ့ကြသော မြန်မာအားကစားအမျိုးသမီး ၁၁ဦးကို တစ်နေရာတည်းတွင် သိရှိခဲ့ရခြင်းဖြစ်ပါသည်။ လေ့လာချက်များအရ မြန်မာနိုင်ငံမှရရှိသော ဆုတံဆိပ်များထဲတွင် အမျိုးသမီးများ အောင်မြင်မှုကြောင့် ရရှိခြင်းသည် သုံးပုံနှစ်ပုံခန့် ရှိသောကြောင့် မြန်မာအမျိုးသမီးများ၏ အားကစားကဏ္ဍကို ယခုထက် ပိုမို၍ တိုးတက်မြင့်မားအောင် လုပ်ပေးရမည်မှာ သမိုင်းပေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ထွက်ပေါ်လာသော ရလဒ်များမှာ ပြည့်စုံ၍ အမျိုးသမီးများအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းနှင့် အမျိုးသမီးအားကစားကဏ္ဍတွင် ဆုရရှိမှုအခြေအနေ၊ အားကစားကဏ္ဍတိုးတက်ရန် နည်းလမ်းများကိုလည်း အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

အမျိုးသမီးများနှင့်အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲသို့ တက်ရောက်ခြင်းအားဖြင့် စာရေးသူတို့အနေဖြင့် အမျိုးသမီးများ အားကစားကဏ္ဍနှင့်ပတ်သက်သော ဗဟုသုတများစွာ ရရှိပါသည်။ အမျိုးသမီးများ အားကစား ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရဦးမည်ဆိုသော သမိုင်းပေးတာဝန်တစ်ရပ်ကို ထမ်းရွက်၍ မိမိတို့ ကျရာကဏ္ဍမှ အစွမ်းကုန်ဖော်ဆောင်ပေးကြရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် အခြားနိုင်ငံများကဲ့သို့ အမျိုးသမီးအခွင့်အရေးများ ဆုံးရှုံးနေသဖြင့် အခွင့်အရေးများ ရရှိရန်တောင်းဆိုစရာမလိုသော မြန်မာ့မြေပေါ်တွင်မွေး၍ မြန်မာအမျိုးသမီးများဖြစ်ရခြင်းအပေါ်တွင် မြန်မာအမျိုးသမီးထုက ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ကြရမည်ဖြစ်ပါသည်။

မြန်မာအမျိုးသမီးများသည် သမိုင်းစဉ်ဆက် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးများ ရရှိမှုကို အမိအရဆုပ်ကိုင်၍ **မြန်မာအမျိုးသမီးအားကစား ကမ္ဘာကိုရင်ပေါင်တန်းနိုင်ရမည်**ဟူသော အခြေအနေကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်နှင့် ကမ္ဘာမှာ **မြန်မာဟေ့**ဟု အမြဲမပြတ် ကြွေးကြော်နိုင်စေရန် မြန်မာအမျိုးသမီးထု တစ်ရပ်လုံးသည် ဘက်စုံ ကဏ္ဍစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှနေ၍ မြန်မာ့ဂုဏ်ကို ဆောင်ပေးကြပါဟု ဆန္ဒပြုလိုက်ရပါသည်။ ။

ပထမအကြိမ်အာဆီယံ-အိန္ဒိယစရီးသွားလုပ်ငန်းပူးပေါင်း
ဆောင်ရွက်ရေးအစည်းအဝေး
ပုဂံ၊ မြန်မာနိုင်ငံ
၃၁-၁၀-၂၀၀၃

ASEAN

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၀** ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၂၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၀** ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၅၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၅** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၅** ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  (က)ဒုတိယနှစ် (အင်္ဂလိပ်စာ)
  (ခ)ဒုတိယနှစ် (သမိုင်း)
- **၅:၁၅** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း လျှို့ဝှက်ချက် (အပိုင်း-၉)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  ၂၁။ **အရှင်ဇနက္ကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း မဟာဂန္ဓာရုံမှာ ဆရာဒကာညီညွတ်စွာ**
  ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် (အပိုင်း-၂၁)**
  ၂၃။ သင့်အတွက်မနက်ဖြန်
  ၂၄။ အပိတ်နှုတ်ဆက်စကား
  ၂၅။ ပြီးပါပြီ။

၃၅ လမ်း ဓမ္မရုံသီဓမ္မာရုံ ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၃)ရပ်ကွက် ဓမ္မရုံသီဓမ္မာရုံ၏ အကြိမ်(၃၀)မြောက် မိသားစုဘုံကထိန်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တွင် သုံးခွမြို့ အမှတ်(၁)ရပ်ကွက် ဇေယျာသိဒ္ဓိပရိယတ္တိစာသင်တိုက် ဆရာတော်ဦးတေဇနိယ အမှူးပြုသော သံဃာတော် ၁၀ ပါးတို့အား ကထိန်သင်္ကန်းကပ်လှူမည်ဟု သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နယ်စပ်မှတ်တမ်း (ရှမ်းဒေသ)

မြင့်စိုး(နတလ)

သံလွင်ကိုဆန်ကြည့်ခြင်း

နယ်စပ်ဒေသ အထူးအုပ်ချုပ်ရေးအဖွဲ့ (ဟိုမိန်း)အဖွဲ့ဝင်များ (တစ်နည်းအားဖြင့် ကျွန်တော်တို့ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ) အတူနေ၊ အတူစား၊ အတူသွားကြသည်ဆိုသော်ငြား နေရာတစ်ခုကို သွားကြည့်လို၍ ကျွန်တော်က အဖော်ညှိသောအခါ သူတို့ခေါင်းကို ခါကြသည်။ ခင်ဗျားနှယ်ဗျာ–သွားစရာရှားလို့ဟု ပြောသူက ပြော၏။ အင်း–သည်လူတွေ သည်လောက်တောင် အကြောက်အကန်ငြင်းနေမှ ဖြင့်တန်တော့။ ဤနေရာကား ဤစာရေးသူ ငါတို့ကို ပြောခဲ့ဖူးသည့် အိမ်အမှတ်(တ/၁၀)လို ဟိုဒင်းဟိုအဝှာအိမ်မျိုးပင် ဖြစ်ရမည်ဟု မှောက်မှောက်မှားမှား မထင်စေလိုပါ။ ကျွန်တော် သွားကြည့်လိုသော နေရာမှာ ဟိုမိန်းသုသာန် ပင်တည်း။

နယ်ဘက်သို့ ကူးပြောင်းကြရသောအခါ မိမိအား ထုတ်ပေးထားသည့် လက်နက်ကိရိယာ၊ ချပ်ဝတ်တန်ဆာများ၊ လက်ရှိတာဝန်ဝတ္တရားများကို တပ်မတော်သို့ ပြန်အပ်လိုက်သော်ငြား ပြန်လည်အပ်နှံ၍ မရသောအရာ တော်တော်များများက ကိုယ်နှင့်မကွာ ပါလာသည်။ ယုံကြည်ချက်၊ ခံယူချက်နှင့် အလေ့အကျင့်များ။ အထူးသဖြင့် Second Natureများ၊ ဤ Second Nature ဆိုတာကြီးကြောင့် ဘာပဲလုပ်လုပ် အမြင်လေးမြင်က အလိုလိုပါလာတော့သည်။ ဆိုကြပါစို့ SURAဦးမိုးဟိန်းကြီး နယ်စပ်တွင် ကွယ်လွန်သည်။ ထို့အတူ SSAမှ စိုင်းလိတ်(ကုလား) လည်း နယ်စပ်တွင် ကွယ်လွန်သည်။ ဤသို့ သိထားခဲ့ဖူး၏။ စူးစမ်းလိုသောအကျင့်က ပေါ်လာပြန်သည်။ ဘာကြောင့် ဘယ်အချိန်တုန်းက ဘယ်နေရာမှာလဲ။

ဦးမိုးဟိန်းကြီးက ပန်မိုက်ဆွန်တွင် ကွယ်လွန်၍ ပိန်းလုံတွင် ဂူသွင်းသင်္ဂြိုဟ်ကြောင်း သိရသည်။ ဟိုမိန်းတွင် စိုင်းလိတ်(ကုလား) နေသွားသော တိုက်ခံအိမ်နီနီလေး တစ်လုံးရှိနေသည်။ ဆိုင်ကယ်တစ်စီးငှား၍ သချိုင်းထဲ လျှောက်ကြည့်သောအခါ စိုင်းလိတ်(ကုလား)၏ အုတ်ဂူကို တွေ့ရသည်။ မဟောင်းနွမ်းသေး။ အတော်အသင့်ကြီးမား၏။ ဟိုမိန်းသုသာန်၌ သိလိုတာသိ၊ မြင်လိုတာ မြင်ခဲ့ရငြား။ ကျွန်တော် ငှားစီးသွားသော ဆိုင်ကယ်ပိုင်ရှင်မှာ စိုင်းလိတ်(ကုလား)၏ တူမအရင်းခေါက်ခေါက်ကြီးဖြစ်နေကြောင်း နောင် သူများပြောမှ သိရသည်။

လက်ရှိ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသော SSAငြိမ်းချမ်းရေးအဖွဲ့မှ မိတ်ဆွေများ၊ ပိန်းလုံဘက်တွင် ကွယ်လွန်ခဲ့သော ဦးမိုးဟိန်း၊ ဟိုမိန်းတွင် ကွယ်လွန်သူ စိုင်းလိတ်(ကုလား)၊ MTA ထဲရောက်နေသော ဦးနော်မိန်း၊ ဦးစံမိုင်၊ ဦးကောက်တိုင်း စသည့် စသူတို့အကြောင်း ဆက်စပ်စဉ်းစားလျှင် SSA၊ SURA နှင့် ဗကပတို့၏ သုံးပွင့်ဆိုင်ခွဲရေး၊ တွဲရေးဇာတ်လမ်းများကို အမှတ်ရစေသည်။ နယ်ချဲ့၏ သွေးထိုးသပ်လျှိုမှု ပယောဂများကြောင့် လက်နက်ကိုင်သောင်းကျန်းမှု အမျိုးမျိုး ပေါ်ပေါက်လာသကဲ့သို့ ဗကပလက်ထက် စိမ့်ဝင်ထိုးဖောက်မှုများ (အထူးသဖြင့် ၁၉၇၅ ခုနှစ် အောက်တိုဘာလတွင် ချမှတ်ခဲ့သော ဗကပ ဗဟိုကော်မတီ၏ ၇၅၁၀ စီမံကိန်းကြောင့်) ကချင်ဒေသ၊ ကယားဒေသ၊ ပအိုဝ်းဒေသ၊ ရှမ်းဒေသများတွင် လေ့ကြီးပေါ် လေ့ငယ်ဆင့်ကာ လက်နက်ကိုင်အမည်ကွဲ၊ အဖွဲ့ကွဲများ တိုးပွားလာစေခဲ့သည်။

စိုင်းလိတ်(ကုလား)ကဲ့သို့ နောက်တစ်ဦးကို အမှတ်ထားမိသည်။ ကျွန်တော်၏ မိုင်းကိုင်လွမ်းချင်း ဆောင်းပါးတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့မှ ၁၉၈၄ ခုနှစ် မိုင်းကိုင်မြို့၌ ကပြဖျော်ဖြေသွားသော **မောမြေသစ္စာ** ပြဇာတ်တစ်ပုဒ်အကြောင်း ရေးဖူးခဲ့သည်။ ဤပြဇာတ်ထဲမှ အဓိကသရုပ်ဆောင် စိုင်းလှအောင်ဆိုသည်မှာ ၁၉၈၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် မိုးနဲဒေသ၌ အလင်းဝင်ရောက်ခဲ့သော SPP ဥက္ကဋ္ဌဟောင်း စိုင်းလှအောင်အား ရည်ညွှန်းတင်ဆက်ထားခြင်းသာတည်း။

SSA အဖွဲ့အတွင်း ပကဗစတင်လွှမ်းမိုးသော ၁၉၇၃ ခုနှစ်ခန့်မှ နောက်ကြောင်းပြန်ဆန် တက်ကြည့်လျှင် ကျွန်တော်စိတ်ဝင်စားသည့် ကာလများကို တွေ့ရပြန်သည်။ ၁၉၆၉ ခုနှစ်တွင် ပကဗကိုအကြောင်းပြု၍ SSAမှ မိုးဟိန်းခွဲထွက်သွားပြီး SURA ပေါ်ပေါက်ခဲ့ရသည်။ ၁၉၆၈ခုနှစ်တွင် SSAထဲမှ ပလောင်တပ်ရင်းနှစ်ရင်း ခွဲထွက်ခဲ့ပြီးနောက် ကျောက်မဲဒေသ တစ်ဝိုက်လှုပ်ရှားခဲ့သည်။ ထို့မှ လှမ်းမျှော်ကြည့်လိုက်ပြန်လျှင် ၁၉၆၅ ခုနှစ် အစပိုင်း၌ SSIAနှင့် SNURFအဖွဲ့များ ပူးပေါင်းပြီး SSA ဖွဲ့စည်းဖြစ်တည်လာမှုကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်၏။ ရေဆန်လမ်းကို သည်ထက်ပို၍ ဆန်းမကြည့်လိုတော့ပြီ။

ထူးဆန်းသောမြို့ကလေး

ထိုစဉ်ကာလက တန့်ယန်းကို လက်ဝါးသာသာမြို့ကလေးဟု ကျွန်တော်မကြာခဏ တင်စားဖူးသည်။ ဤလက်ဝါးသာသာလောက်သာရှိသော မြို့ကလေးသည် ကျွန်တော်အဖို့ရာတွင်မူ ထူးဆန်းနေ၏။ ၁၉၅၉ ခုနှစ်တုန်းက ဤမြို့ကလေးကိုခဏခဏ တိုက်ခိုက်သိမ်းပိုက်ခဲ့ဖူးသော ဗိုလ်မောင်၏ အကြောင်းကိုသိလိုပါသလား။ သူ၏ သားသမီးများ၊ မြေးမြစ်များ ဤမြို့တွင်ရှိနေသည်။ ဦးခွန်ဆာ၏ ဘဝ၊ MTA၏သမိုင်းအစနှင့်ပတ်သက်၍လည်း ဤမြို့ကလေးတွင် တူးဆွကြည့်နိုင်သော နေရာများစွာရှိနေ၏။ တရုတ်ဖြူ ကျူးကျော်သူများအကြောင်းကိုလည်း လွယ်ဆေးတောင်ကြောကြီးကို သက်သေထား၍ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြနိုင်ကြသည်။ ထို့တွင်မက ဗကပအကြောင်း၊ SSA အကြောင်း စသည့် အကြောင်းများစွာနှင့် ဆက်စပ်မှုရှိနေသော မြို့ကလေးပင်တည်း။

ရပ်ကွက် လေးငါးခုသာရှိသော ဤမြို့ကလေးတွင် မြို့အင်္ဂါရပ် အားလုံးရှိပါသည်။ ဘုရားကျောင်းကန်စေတီပုထိုး၊ ဆေးရုံ၊ ကျောင်း၊ ဈေးနှင့်ပန်းခြံ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံလေးများ။ သို့သော်အဝေးပြော တယ်လီဖုန်းမရှိ၊ ကြည့်စရာ ရုပ်မြင်သံကြားမရှိ။ မြို့တွင်း၌ ခြေကျင်လျှောက်သူများသည်။ ကားတဝီဝီ လျှောက်စီးရအောင် မကျယ်ဝန်း။ ရှားရှားပါးပါး တွေ့ရသောကား သုံးစီးမှာ စစ်ဗျူဟာမှူး၏ မာဇဒါဂျစ်၊ တပ်ရင်းမှူး၏ မာဇဒါဂျစ်၊ ကောင်စီဥက္ကဋ္ဌ၏ ဝီလီဂျစ် ဒါပဲရှိသည်။ နှစ်ပေါင်းများစွာ အလုကြည့်လာခဲ့သော ရုပ်ရှင်ရုံတစ်ရုံးလည်း ရှိသေးသည်။ ဤကဲ့သို့ ဘာဆိုဘာမျှမရှိသော မြို့ကလေးတွင် ကျွန်တော်အပါအဝင် လူတော်တော်များများ ပျော်မွေ့နှစ်ခြိုက်စွာ နေနိုင်ခဲ့ခြင်းကိုက အတော်ထူးဆန်းနေ၏။

အမှတ်တရ ခုနစ်မိုင်

ကျွန်တော်ရောက်ချိန်အထိ တန့်ယန်း၌ တပ်ရင်းတစ်ရင်းသာရှိသေးသည်။ ၁၉၈၇ ခုနှစ် ကုန်ခါနီးနှင့် ၁၉၈၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဤတပ်ရင်းသို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသူများမှာ ဗိုလ်မှူးစိုးလွင်၊ ဗိုလ်မှူးကျော်ဆန်း၊ ဗိုလ်မှူးသိန်းစိုး၊ ဗိုလ်မှူးထင်အောင်မြင့်၊ ဗိုလ်မှူးစိုးလှိုင်၊ ကိုချစ်ဦး၊ ကျွန်တော် အောင်နိုင်ဦး စသည်ဖြင့် တပ်ရင်းမှူးမှာ ဒုတိယဗိုလ်မှူးကြီးတင်အေး (ယခုမြောင်းမြ ခဃကဥက္ကဋ္ဌ) ဖြစ်သည်။ နယ်မြေအားဖြင့် မြောက်ဘက်ပို့ဂ္ဂိုင့် ဖဝ၄၁မှ သံလွင်တစ်လျှောက် တောင်ဘက် တာစွတ်ကျက်၊ နားဟန်၊ တာပန်မူကူးတို့ဆိပ်များအထိ၊ ထိုမှ တပ်မ(၇၇)တပ်များနှင့် ဆက်စပ်ဧရိယာ ဂျေ–၈၄ မျဉ်းအထိ သည်တော့အများဆုံးကြုံရသည်က ဗကပ၊ SSA၊ MTAဖြစ်လာသည်။ SSA အဖွဲ့နှင့်မူ မိုင်းကိုင်၊ ပန်ကေတု၊ တုံလောဘက်သို့ ဝင်ရောက်စဉ်ကတည်းက မိတ်ဟောင်းဆွေဟောင်းများဖြစ်ခဲ့ဖူး၏။ တန့်ယန်းနယ်မြေအတွင်း တိုင်းစစ်ဌာနချုပ်၏ အစီအမံအရ ဗိုလ်မှူးသိန်းစိုး၏ တပ်ခွဲအား အထူးတပ်ခွဲ အနေဖြင့် လူ၊ လက်နက်အင်အား ပိုမိုဖြည့်တင်းပေးပြီး ထိုးဖောက်လှုပ်ရှားစေသောအခါ တိုက်ပွဲဖြစ်သံတွေ သောသောညံလာသည်။ သိန်းစိုးရောက်လာမှပဲ တန့်ယန်းမှာ ပွဲဆူတော့တယ်ဟု တိုင်းမှူး၊ စစ်ဗျူဟာမှူးတို့က ကောင်းချီးပေး၏။ တပ်မတော်သားဘဝ၌ ရေလိုကျင့်ရသော အခါလည်းရှိသည်။ မီးလိုကျင့်ရသော အခါလည်းရှိသည်။ မီးလိုကျင့်ကြံနေချိန်၌ တိုက်ပွဲဖြစ်လိုက်ရမှ သေနတ်သံကြားလိုက်ရမှ စားဝင်အိပ်ပျော်၍ နေသာထိုင်သာရှိတတ်ကြစမြဲပင်။ ထို အချိန်က တန့်ယန်းဒေသသည် ဦးပန်ဖ၏ SSA တပ်မဟာ (၁) လှုပ်ရှားရာ နယ်မြေဖြစ်သည်။

ကျွန်တော်အမှတ်ထင်ထင်ရှိနေသော နေရာတစ်ခုမှာ တန့်ယန်း–လားရှိုးကားလမ်းဘေးမှ ဘုရားကုန်းလေးဖြစ်သည်။ တန့်ယန်းမှ ခုနစ်မိုင်ခန့်သာကွာဝေးသည်။ လမ်းလုံခြုံရေး ထွက်ယူမည့် တပ်စိတ်နှစ်စိတ်အား အရင်ဖမ်းမည်ဆိုကာ ကျင်းတူးစောင့်နေသော ဗကပ၊ SSA ပူးပေါင်းအင်အား ၆၀ ခန့်နှင့် ကျွန်တော့်တပ်ခွဲ ဤနေရာတွင် တိုက်ပွဲဖြစ်ခဲ့ဖူး၏။ သာယာသော နံနက်ခင်းကို အကျည်းတန်အောင် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်နေကြရသည်။ ၆၀ မမပေါက်ကွဲမှုများကို ဗျူဟာကုန်းပေါ်မှ လှမ်းမြင်ရသည်ဆို၏။ တိုက်ပွဲနေရာမှအပြန် စစ်ဗျူဟာအမြောက်တပ်ခွဲတွင် တာဝန်ကျနေသော သူငယ်ချင်းမော်စီက ငါအမြောက်နဲ့ လှမ်းပစ်ပေးဦးမလို့ဘဲကွ တော်ကြာအမြောက်ကျည်ဆန်က ဂယောင်ပြပြီး မင်းခေါင်းပေါ်ကျလာမှာစိုးလို့ဟု မထိတထိနောက်သည်။ နှစ်ပေါင်းအတန်ကြာပြီးမှ တန့်ယန်းသို့ တစ်ကြိမ်သွားခွင့်ကြုံသောအခါ ကျွန်တော့်တပည့် သုံးဦးအသက်စွန့်သွားသည့် ဤဘုရားကုန်းကလေးကို ကျွန်တော် ငေးကြည့်မိသည်။ ထိုအချိန်၌ SSAသည် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးတည်း။

အမှတ်တရ ရန်အောင်မြင်

ရန်အောင်မြင်ဆိုသည်မှာ ခလရ(၃၃)၏ တပ်ရင်းရိပ်သာဖြစ်သည်။ ၁၉၈၉ ခုနှစ် မတိုင်မီအထိ ဤရိပ်သာသို့ ရောက်ရှိလာကြကုန်သော ပုဂ္ဂိုလ်ကြီးငယ်မှန်သမျှ၊ စစ်ဆင်ရေးကိစ္စနှင့်သာ အများဆုံးပါဝင်ပတ်သက်နေသည်။ ရိပ်သာဝန်းကျင်၌ တိုက်ဖို့ခိုက်ဖို့၊ သိမ်းဖို့ ပိုက်ဖို့၊ သတ်ဖို့ ဖြတ်ဖို့ အသံများသာ ပျံ့လွင့်နေ၏။ ငြိမ်းချမ်းရေး ရယူတည်ဆောက်ပြီးသောအခါ ‘ဝ’တိုင်းရင်းသားခေါင်းဆောင်များ ရောက်လာဖူးသည်။ ယင်းနောက် SSA ငြိမ်းချမ်းရေးအဖွဲ့ဝင်များ ရောက်လာဖူးသည်။ သူတို့၏ ဇနီးသားသမီးများလည်း ခေတ္တတည်းခိုနေထိုင်ကြသည်။

ထိုအခါ ရိပ်သာဝန်းကျင်၌ ငြိမ်းချမ်းရေး ချိုးကူသံများ၊ ဒေသဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေးသံများ၊ လွတ်လပ်ပေါ့ပါးစွာ၊ ခင်မင်ရင်းနှီးစွာ ရယ်မောသံများကိုသာ ကြားရတော့သည်။

ရှမ်းဒေသနယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ

SSAအဖွဲ့သည် ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့၌ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည်။ ထိုနှစ်အတွင်း စတုတ္ထမြောက် ဝင်ရောက်လာသော အဖွဲ့အစည်းပင်တည်း။ ၎င်းအဖွဲ့ ဝင်ရောက်လာချိန်တွင် ကျွန်တော်တန့်ယန်း၌ပင် ရှိသေး၏။ စစ်ဗျူဟာ(၁) အနေဖြင့် ‘ဝ’ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ တာဝန်ယူရသည်။ ရှမ်းဒေသအတွက် တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲဆောင်ရွက်ပေးသည်။

ရှမ်းဒေသ၏ ဖွံ့ဖြိုးရေးဧရိယာများထဲတွင် လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါနှင့် နောင်ချိုမြို့နယ်များပါဝင်သည်။ လမ်း/တံတားကဏ္ဍ၌ ဘော်ကြို–အုံမုလမ်း၊ ပုန်းထွန်–ဟန်နားလမ်း၊ ဆောင်ကြဲ–မိုင်းခေးလမ်း၊ မိုင်းခေး–မန်မွန်းလမ်း၊ နားမွန်း–ဆောင်ကြဲ–ဆင်ကျော့–မိုင်းရယ်လမ်း၊ နမ့်လန်–ဟိုခိုလမ်း၊ သီပေါ–ကွန်ဟောက်လမ်းများ ဖောက်လုပ်ပြုပြင်ပေးခဲ့သည်။ မိုင်းရယ်မြို့တွင်းလမ်းများနှင့် ဆင်ကျော့ဒေသလမ်း/တံတား လုပ်ငန်းများလည်း ပါဝင်သည်။

SSA ငြိမ်းချမ်းရေးအဖွဲ့၏ ကိုယ့်အားကိုယ်ကိုး ဟန်နားကျေးရွာ အလက ကျောင်းဆောင်။

ပညာရေးလုပ်ငန်းတွင် အမက ၁၄ ကျောင်း၊ အလက တစ်ကျောင်း၊ အထကတစ်ကျောင်း ဖွင့်လှစ်ပေးပြီးဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံနှစ်ရုံ၊ ဆေးပေးခန်းငါးခု၊ ကျေးလက်ကျန်းမာရေးဌာန လေးခု ဖွင့်လှစ်ထားပြီးဖြစ်သည်။ ရှမ်းဒေသအတွင်း စိုက်ပျိုးရေးရုံးသုံးရုံး၊ စိုက်ပျိုးရေးစခန်းငါးခု၊ ထွန်စက် စခန်းနှစ်ခု၊ မွေးမြူရေးခြံတစ်ခြံ၊ တိမွေးကုရုံးတစ်ရုံး၊ ရေအားလျှပ်စစ်စက်ရုံတစ်ရုံ၊ စာတိုက်တစ်ခု၊ ရေဒီယိုကြေးနန်းရုံး နှစ်ရုံး၊ ကယ်ရီယာစက် လေးခု၊ ဂြိုဟ်တုဆက်သွယ်ရေးရုံးတစ်ရုံး၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ လေးရုံ တည်ဆောက်ဖွင့်လှစ်ပေးပြီးဖြစ်သည်။

ဝမ်ဟိုင်းဒေသ၌ ၅၀ ဝပ်လွှင့်အားရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတစ်ရုံ ထပ်မံတည်ဆောက်၍ ၁၂–၉–၂၀၀၃ ရက်နေ့တွင် ထုတ်လွှင့်ပြသနေပြီဖြစ်သည်။ SSA ငြိမ်းချမ်းရေးအဖွဲ့သည် ဘော်ကြိုကျေးရွာ ဒုဋ္ဌဝတီမြစ်အနီး၌ သကြားစက်ရုံတစ်ရုံ တည်ဆောက်ခဲ့ရာ အဆိုပါ ဘော်ကြိုသကြားစက်ရုံကို ၁၉၉၈ ခုနှစ် မေလ ၅ ရက်နေ့၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် (ယခုနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်) တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တပ်ဖွဲ့ဝင်မိသားစုများ၏ ရေရှည်ဘဝရပ်တည်ရေးတို့ကို စနစ်တကျစီမံဆောင်ရွက်ပေးသောအခါ ဤကျေးဇူးတရားကို တုံ့ပြန်သောအားဖြင့် ဒေသအလိုက် ကိုယ့်အားကိုယ်ကိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါ်ပေါက်လာခဲ့သည်။

SSAငြိမ်းချမ်းရေးအဖွဲ့သည် တန့်ယန်းမြို့နယ်အတွင်း၌ ခေါက်နွဲ့၊ ပန်ကစ်၊ လွယ်ကော်ကျေးရွာတို့၌ အမကကျောင်းများ၊ မိုင်းကောင်ကျေးရွာ အလကကျောင်းနှင့် လားရှိုးမြို့နယ် ဟန်နားကျေးရွာ အလကကျောင်းများကိုလည်းကောင်း၊ ဟန်နားကျေးရွာ၌ ကျေးလက်ဆေးပေးခန်းကိုလည်းကောင်း ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြသည်။ ဒေသတွင်း၌ လမ်းသစ်များဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်များတည်ဆောက်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

၂၀၀၃ ခုနှစ်တွင် ဦးပန်ဖ၏ SSAတပ်မဟာ(၁) နယ်မြေ၌မြေပဲ၊ နာနတ်၊ လိမ္မော်၊ ပြောင်း၊ လက်ဖက်၊ သစ်ဆိမ့်ပင်တို့ စိုက်ပျိုးခဲ့ရာ စိုက်ဧက ၉၄၈ ဧကရှိခဲ့ပြီး ဆင်းရှေလီ အထူးအထွက်တိုးစပါး ဧက ၁၀၀ ကိုပါ စိုက်ပျိုးခဲ့ကြသည်။ တန့်ယန်းမြို့နယ် တော်လောက်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်လျက်ရှိရာ အထွက်တိုးဝက်များ၊ နွားမျိုးကောင်းမျိုးသန့်များ မွေးမြူထားပြီး၊ ငါးမွေးမြူရေးလုပ်ငန်းအတွက် ငါးကန် ၇၇ ကန်ရှိသည်။ ဝမ်ဟိုင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရက အာရုံစူးစိုက်ဆောင်ရွက်ပေးခဲ့သည်။ ခနောက်စိမ်း၊ ကျောက်မီးသွေးစသော သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသော တစ်အူထုံ့ဆင်း သွေးချင်းညီအစ်ကိုများသည် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို နှလုံးအိမ်ဝယ် ခိုင်မြဲစွာ သိမ်းထုပ်၍ ရင်းနှီးချစ်ကြည်စွာ အတူတကွလက်တွဲနေထိုင်သွားပါက အနာဂတ်ခရီးတစ်လျှောက် သံသယအမှောင်လမ်းဆိုသည်မှာ တွေ့နိုင်ကောင်းသော၊ မြင်နိုင်ကောင်းသော၊ ရှိနိုင်ကောင်းသော အရာမဟုတ်ပေ။ အခြားဒေသများ ဖွံ့ဖြိုးတိုးတက်သကဲ့သို့ ရှမ်းဒေသလည်း ဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာလာမည်သာ ကျွန်တော် ဤသို့ ယုံကြည်မျှော်လင့်သည်။ ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

☆ နိုင်ငံတော်မှ

တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများ၏ နေအိမ်အသီးသီးသို့ ရင်းရင်းနှီးနှီးဝင်ရောက်နှုတ်ဆက်ပြီးနောက်မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြသည်။

ကာကွယ်ဆေးထိုးမှုကြည့်ရှု

ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့သည် ဆေးရုံခန်းမ၌ ကျင်းပနေသည့် ကိုကိုးကျွန်းမြို့ အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းအခမ်းအနားသို့ တက်ရောက်၍ ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေး ထိုးနှံမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့သည် မြို့နယ်ပြည်သူ့ဆေးရုံအတွင်းရှိ ခွဲစိတ်ဆောင်၊ သွားဆေးကုသဆောင်နှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်လူနာများကို တွေ့ဆုံကြည့်ရှုအားပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နယ်မြေခံတပ်နယ်ရှိ စုပေါင်းခန်းမ၌ တပ်နယ်မှအရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲ၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့သည် တပ်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် တပ်နယ်ဧည့်ရိပ်သာခန်းမ၌ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံရာ ရှေးဦးစွာ ဌာနအလိုက်တာဝန်ခံများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်း တင်ပြကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းမြို့သည် ယခင်ကနှင့်မတူဘဲ တိုးတက်လာသည်ကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာခြင်းမှာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ အားသွန်ခွန်စိုက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိရာ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက်လည်း ဌာနဆိုင်ရာအချင်းချင်း ညီညီညွတ်ညွတ် ကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

အောက်တိုဘာ ၁၀ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရင်းစစ်ချုပ် Mr.Li Jinhua အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။

(သတင်းရှေ့ဖုံး) (သတင်းစဉ်)

ထို့နောက် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ ဌာနအလိုက် တာဝန်ခံများက လက်ခံရယူကြသည်။

ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့မှ မွန်းလွဲ ၁နာရီ မိနစ် ၂၀တွင် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မော်တော်ယာဉ်များပေါ်မှ အမှိုက်မပစ်ရန်၊ ကွမ်းတံတွေးမထွေးရန် ဆောင်ရွက် ယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများအားလုံး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ

ရန်ကုန် အောက်တိုဘာ ၂၀

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ (၁၀၅)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေနှင့် ကော်မတီဝင်များ၊ ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေး ဆပ်ကော်မတီ၊ စစ်ဆေးအရေးယူရေး ဆပ်ကော်မတီနှင့် တက္ကစီအငှားယာဉ် ကြီးကြပ်ရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့သည် နိုင်ငံ၏ မြို့တော်ဖြစ်သဖြင့် ပြည်နယ်တိုင်းအားလုံးနှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုများပြားလာကြောင်း၊ ထိုသို့ များပြားလာသဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများလည်း ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ ရန်ကုန်မြို့တော်ကို သန့်ရှင်းသာယာလှပအောင် ဥယျာဉ်မြို့တော်ကြီးအဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် သန့်ရှင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေရာ မော်တော်ယာဉ်များပေါ်မှ အမှိုက်မပစ်ရန်၊ ကွမ်းတံထွေးမထွေးရန် စသည်များ ဆောင်ရွက်နေကြကြောင်း၊ နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးဖြစ်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း။

ထိရောက်အောင်မြင်

ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများက ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်ပြီး ပညာပေးလုပ်ငန်းများဖြင့် ပညာပေးနေမှုများ ထိရောက်အောင်မြင်သည်ကို တွေ့ရကြောင်း။

ရန်ကုန်မြို့ (၂၅)မြို့နယ်မှာ ဟွန်းသံကင်းမဲ့ဇုန် သတ်မှတ်ဆောင်ရွက်မှု အောင်မြင်သဖြင့် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်သည်ကို တွေ့ရကြောင်း၊ အနှေးယာဉ်များနှင့် လမ်းကူးသူများကိုလည်း စည်းကမ်းတကျရှိစေရန် ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခဲ့သည်မှာ ယနေ့ထိဖြစ်ကြောင်း၊ ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်သူများကိုလည်း စည်းကမ်းလိုက်နာတတ်စေရန်၊ ဆက်ဆံမှု ပြေပြစ်မှုရှိစေရန် အရေးယူဆောင်ရွက်ခြင်း၊ ပညာပေးဟောပြောမှုများ ပြုလုပ်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း။

ယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများအားလုံး ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာပြီး ယာဉ်တိုက်မှုများမဖြစ်ပွားအောင် ဝိုင်းဝန်းထိန်းသိမ်းကြပါက မလိုလားအပ်သော သေကျေဒဏ်ရာရမှု၊ ဆုံးရှုံးနစ်နာမှုများ မဖြစ်ပွားနိုင်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေမှာဖြစ်ကြောင်း အကျယ်တဝင့် ပြောကြားသွားသည်။

ဆွေးနွေးမှာကြား

ထို့နောက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအတွက် ရှေ့ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ၂၀၀၃ခုနှစ် ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာ ၂၅ရက်အတွင်း ယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပညာပေးရေးနှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီ၊ စစ်ဆေးအရေးယူရေး ဆပ်ကော်မတီနှင့် တက္ကစီအငှားယာဉ် ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အကြံပြု ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရွှေဘုံသာဆုတောင်းပြည့်စေတီတော် ထီးတော်တင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက် ပဏ္ဍိတာရာမစာသင်တိုက်နာယက စာချသာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တ ပညာဝံသ ဦးစီး၍ တပည့် ဒါယကာ၊ ဒါယိကာမများက မန္တလေးတိုင်း ပုဂံညောင်ဦးမြို့နယ် ဖြူကြီးကျေးရွာရှိ ရွှေဘုံသာဆုတောင်းပြည့် စေတီတော်ထီးတော်တင်လှူပူဇော်ပွဲ၊ ယင်းကျေးရွာရှိ ရွာဦးကျောင်း၌ မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်ပွဲနှင့် ဖြူကြီးကျေးရွာ ပြည်သူများအတွက် ရေအုတ်ကန်လှူဒါန်းပွဲတို့ကို နိုဝင်ဘာ ၈ရက် (တန်ဆောင်းမုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)



တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲ ဆုရရှိသူများကြေညာ

ရန်ကုန် အောက်တိုဘာ ၂၀

၂၀၀၃ခုနှစ် (၁၄)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက တပ်မတော်ဆိုင်ရာ အထွေထွေ ဗဟုသုတ ဉာဏ်စမ်းဖြေဆိုပြိုင်ပွဲများ ပြုလုပ်ပေးခဲ့ရာ တက္ကသိုလ်အဆင့်မှ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာမှ ယနေ့ ထုတ်ပြန်ကြေညာသည်။

တက္ကသိုလ်အဆင့်ပြိုင်ပွဲတွင် စစ်တက္ကသိုလ်မှ ဗိုလ်လောင်းဝင်းလတ်က ပထမ၊ တပ်မတော်နည်းပညာတက္ကသိုလ်မှ ဗိုလ်လောင်းမြတ်ကိုကိုက ဒုတိယ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ မောင်တင်လတ်ယုက တတိယ၊ စစ်တက္ကသိုလ်မှ ဗိုလ်လောင်း ရဲလင်းထွဋ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်မှ ဗိုလ်လောင်း ဝေဇင်သိန်းတို့က နှစ်သိမ့်ဆုများ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို စာဆိုတော်နေ့အကြို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်မည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများသည် ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၀ရက် ရုံးချိန်အတွင်း ဦးကိုကိုထွေး အတွင်းရေးမှူး ပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထံသို့ လူကိုယ်တိုင် သတင်းပို့ကြရမည် ဖြစ်သည်။ (သတင်းစဉ်)

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ မဟာဘုံကထိန်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၃၀

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၁)ကြိမ်မြောက် မဟာဘုံကထိန် မြတ်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၅ခု တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၈ရက်) စနေနေ့ နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရသေ့တောင်မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

မြို့အင်္ဂါရပ်နှင့်ညီညွတ်ပြီး သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်ရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၃၀

ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၂၈ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရသေ့တောင်မြို့နယ် မူစေးကျွန်းသို့ အမြန်ရေယာဉ်ဖြင့် ရောက်ရှိပြီး အောက်တိုဘာ ၂၉ရက် နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ် မူစေးကျွန်းခြေတော်ရာကျေးရွာရှိ ခြေတော်ရာဘုရား တန်ဆောင်းပြာသာဒ်၏ ပန်းလည်တိုင်စိုက်ထူပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရသေ့တောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများဖြင့် ပညာသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

မင်္ဂလာအခမ်းအနားသို့ ပြည်တွင်း၊ ပြည်ပ သာသနာပြု အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ပရိယတ္တိ သာသနဟိတဓရ ဘဒ္ဒန္တ အရိယဝံသ အမှူးပြုသော ရသေ့တောင်မြို့နယ် တင်းကုတ်ကျေးရွာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ မေဓာဝီ၊ အောက်ဇီးကိုင်းကျေးရွာ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝရသာမိ၊ ကျွန်းကြီးကျေးရွာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသနှင့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခြေတော်ရာဘုရား ဂေါပကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ရသေ့တောင်မြို့နယ်သို့ ရောက်ရှိကြရာ ရသေ့တောင်တပ်နယ်မှ ဗိုလ်မှူးကြီးဒေါ်ကိုက်၊ ဗိုလ်မှူးကြီးဝင်းဆွေ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းများ၌ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစိုက်ခင်းများ၊ လေကာပင်နှင့် အရိပ်ရအပင်များ စိုက်ပျိုးထားရှိမှု၊ နှစ်ရှည်သီးပင်များ စိုက်ပျိုးထားရှိမှု၊ တပ်တွင်းသန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ မိသားစုဝင်များ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိသည့် သီးပင်၊ စားပင်နှင့် ဟင်းသီးဟင်းရွက်ပင်များ၊ ငါးမွေးမြူရေးကန်များ အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မွန်းလွဲပိုင်းတွင် ဒေသခံတပ်ရင်းခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဖွံ့ဖြိုးတိုးတက်မှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ မိုးစပါး အောင်မြင် ဖြစ်ထွန်းနေမှုများနှင့် ရိတ်သိမ်းရန် အသင့်ဖြစ်နေသည့် စပါးခင်းများအခြေအနေ၊ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများဖြင့် ကျောင်းသား၊ ကျောင်းသူ များ ပညာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

လျှောက်ထား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အောင်မြေဗောဓိမဏ္ဍိုင်ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး ဗောဓိသုခမဏ္ဍာရုံ ကျောင်းဆောင်၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ အာစရရံသီ အမှူးပြုသည့် မြို့နယ်သံဃနာယက အဖွဲ့ဝင် ဆရာတော်များ၊ အလိုတော်ပြည့် ကျောင်းတိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သောဘန အမှူးပြုသည့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရသေ့တောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး လူနာဆောင်များနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဆေးရုံသို့ လာရောက်ကြသူများအား နွေးထွေးစွာ ကြိုဆို၍ စေတနာဖြင့် ပြုစုကုသပေးရန်၊ လိုအပ်သော ဆေးဝါးများအား ကြိုတင်စုဆောင်းထားရှိရန်၊ ဆေးရုံအတွင်း အပြင် သန့်ရှင်းရေး အမြဲမပြတ် ကြပ်မတ် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းသန်းမောင်က ရသေ့တောင်မြို့နယ်၏ အကျယ်အဝန်း၊ လူဦးရေ၊ မိုးရွာသွန်းမှု၊ မြေအသုံးချမှု အခြေအနေ၊ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးမှု၊ သီးနှံ ၁၀ မျိုး စိုက်ပျိုးမှု၊ အမယ်သစ် (အမည်သစ်) သီးနှံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ သားငါး၊ ပုစွန်မွေးမြူမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ဆွေးနွေးမှာကြားရာ၌ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး ဆောင်ရွက်ရာတွင် ဒေသအလိုက် သတ်မှတ်လျာထားချက်များ ချမှတ်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရသေ့တောင်မြို့နယ် အနေဖြင့် မိုးစပါး စိုက်ဧက ထပ်မံတိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ အထွက်နှုန်းမှာလည်း တစ်ဧကတင်း ၁၀၀ထွက်ရှိရေးကို စီမံဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရန်အတွက် လယ်မြေများကို ရေတော်မိုးတော်ဖြစ်အောင် ဆောင်ရွက်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပြီး သိပ္ပံနည်းကျ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အသုံးပြုရေးတို့အတွက် ဌာနဆိုင်ရာများက တောင်သူများအား ပညာပေးခြင်း၊ ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ မတ်ပဲနှင့် ပဲတီစိမ်း တိုးချဲ့စိုက်ပျိုးရန်နှင့် အထွက်နှုန်း ကောင်းမွန်ရန် စနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ မတ်ပဲကို စိုက်ပျိုးရာတွင် သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများအား ပညာပေးဆောင်ရွက်ရန် လိုအပ်ကြောင်း။

တစ်ပိုင်တစ်နိုင်မွေးမြူ

နှစ်ရှည်ပင်အနေဖြင့် သစ်ဆိမ့်ပင်များ စိုက်ပျိုးရန်လိုကြောင်း၊ အမယ်သစ် (အမည်သစ်) သုံးမျိုးအနက် ငရုတ်ကောင်းကို စီးပွားဖြစ် စိုက်ပျိုးရန်နှင့် လိုအပ်သည့် အကူအညီများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ မွေးမြူရေး အနေဖြင့် ဒေသကြက်များကို တစ်ပိုင်တစ်နိုင် မွေးမြူကြစေလိုကြောင်း၊ ဤဒေသတွင် ပုစွန်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ သို့ရာတွင် ပုစွန်ကန် တူးဖော် မွေးမြူခြင်းဖြင့် စိုက်ပျိုးလယ်မြေများ မပျက်စီး၊ မလျော့နည်းရန် အထူး သတိပြုကြစေလိုကြောင်း၊ သက်ဆိုင်ရာများကလည်း ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နယ်မြေ အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် လိုကြောင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် လိုအပ်သည်များ ပြုပြင် ဆောင်ရွက်ပေးရန် လိုကြောင်း၊ ရသေ့တောင်မြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်ပြီး သန့်ရှင်းသာယာလှပစေ ရေးအတွက်ဆောင်ရွက်ရန်လိုကြောင်း ဖြင့် မှာကြားသည်။

နှုတ်ဆက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ဂျာနယ်ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးပုံရိပ်အဖြစ် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဂျာနယ် အတွဲ (၁)၊ အမှတ် (၁)ကို ဖြန့်ချိထားသည်။ **(အောက်ဝဲပုံ)** ထိုဂျာနယ်တွင် စက်မှုဇုန်များမှ အရည်အသွေးမြင့်ထုတ်ကုန်များအကြောင်း၊ ရွှံ့ကိုင်ရင်း ရွှေဖြစ်စေသူ (စိုးအောင်-ပန်းပု)၊ ဆောင်းဝင်းလတ်၊ စာဝေ၊ ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာ ခင်မောင်ညို၊ မောင်တည်ငြိမ်၊ လင်း-ဆေး(၁)တို့ စုပေါင်း ရေးသားထားကြသည်။ ဦးအောင်မြင့် (ဆင်တောင်ကြီးစာပေ) ဖုန်း-၀၁-၂၈၃၈၆၁၊ ဦးတင်စိုးစာပေ ဖုန်း-၂၄၀၁၈၇၊ မိုးကောင်းကင်းစာပေ (ဦးစိုး အောင်) ဖုန်း-၃၅၅၁၉၀တို့က ဖြန့်ချိ ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၀-၂၀၀၃ (သောကြာနေ့)

၁၃၆၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၀၅	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၅	၇။	ကံတင်ဘီးလင်း ရေလှောင်တမံ
၈:၃၀	၈။	International News.
၈:၄၅	၉။	English For Everyday Use.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice in Reading.
၄:၄၀	၄။	တေးဂီတအစီအစဉ်
၄:၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၅	၇။	နိုင်ငံ့သားကောင်းဟူသည် (ဌေးဝင်း၊မြင့်ဝေ၊သန်းဝင်း၊ ကျော်ရှိန်၊တင်တင်အိ၊ တင်မိုမိုအေး) (ဒါရိုက်တာ-ဌေးဝင်း)
၅:၃၅	၈။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၄၅	၉။	လက်ဆင့်ကမ်းပေးဂီတတေး
၅:၅၀	၁၀။	ပသောင်းတံတား
၆:၀၀	၁၁။	တေးဂီတအစီအစဉ်
၆:၁၅	၁၂။	Discovery.
၆:၃၀	၁၃။	ညနေခင်းသတင်း
၇:၀၀	၁၄။	မိုးလေဝသအခြေအနေ
၇:၀၅	၁၅။	Milo Success in Soccer.
၇:၁၀	၁၆။	တေးဂီတအစီအစဉ်
၇:၂၅	၁၇။	နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၇:၃၅	၁၈။	နှောင်းခေတ်တေးပဒေသာ
၈:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၂၃။	**၂၀၀၃ခုနှစ် ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
	၂၄။	**မြန်မာရုပ်ရှင် ပန်းတစ်ပွင့်ဖန်ဆင်းခြင်း (အပိုင်း-၁) (လွင်မိုး၊လူမင်း၊ ထက်ထက်မိုးဦး၊ လှအဉ္ဇလီတင့်) (ဒါရိုက်တာ-ကြည်ဖြူသျှင်)**
	၂၅။	နောက်တစ်နေ့အစီအစဉ်
	၂၆။	အစီအစဉ်ပြီး၏။

မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(၂၀၀၃)(Myanmar Golf Tour 2003)၏တတိယပွဲစဉ် Kambawza Open Golf Championship ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် တောင်ကြီးမြို့ အမှတ်(၂)တပ်မတော်ဂေါက်ကွင်း(အေးသာယာဂေါက်ကွင်း)၌ ဆက်လက်ကျင်းပသည်။

Myanmar Golf Tour 2003
Kanbawza Open Golf Championship
TAUNGGYI
KBZ BANK

တတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲကို အောက်တိုဘာ ၃၁ရက် နံနက် ၈နာရီတွင်အမှတ်(၂)တပ်မတော်ဂေါက်ကွင်း(အေးသာယာဂေါက်ကွင်း)၌ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ပြိုင်ပွဲ၏ဒုတိယနေ့(၁၈)ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် မင်းနိုင် (Srixon)က (၇၂+၇၂)ပေါင်း၁၄၄ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဝင်း(Y.C.D.C)က(၇၆+၇၀)ပေါင်း ၁၄၆ချက်နှင့် ဇော်ဇော်လတ် (Pan-West)က (၇၀+၇၆) ပေါင်း ၁၄၆ ချက်စီဖြင့် ဒုတိယလိုက်ပြီး၊ နန္ဒကျော်(Y.C.D.C)က (၇၃+၇၄) ပေါင်း ၁၄၇ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ယဉ်အောင်လတ်ကပင်(၇၄+၇၂)ပေါင်း ၁၄၆ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်အောင်ကျော်က (၇၅+၇၃) ပေါင်း၁၄၈ချက်ဖြင့်ဒုတိယ၊ဇော်ဇင်ဝင်းက(၇၈+၇၂)ပေါင်း ၁၅၀ချက်ဖြင့် တတိယနှင့် သိန်းဇော်မြင့်က (၇၈+၇၃) ပေါင်း ၁၅၁ချက်ဖြင့် စတုတ္ထလိုက်နေသည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd. က လည်းကောင်း၊ Title Sponsor အဖြစ် KBZ Bank Ltd.ကလည်းကောင်း၊ Official Air Line အဖြစ် Air Mandalay ကလည်းကောင်း၊ Official Sports Wear အဖြစ် Grand Slam (Musing Wear)က လည်းကောင်း၊ Official Drinking Water အဖြစ် Loi-Hein (Alpine) ကလည်းကောင်း၊ Official Golf Equipment Supplier အဖြစ် K.M Golf Centre၊ Maruman နှင့် Wilsonတို့ကလည်းကောင်း၊ Official Office Equipment Supplier အဖြစ် Canon က လည်းကောင်း၊ Official Paint Supplier အဖြစ် UPGကလည်းကောင်း၊ Eden Group Co., Ltd ကလည်းကောင်း အသီးသီး ပံ့ပိုးကူညီကြသည်။

တတိယပွဲစဉ်ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ဖွင့်ပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း) ရေကြောင်းအစုန်လမ်း၊အဆန်လမ်း ပြောင်းလဲသတ်မှတ်

ရန်ကုန် အောက်တိုဘာ ၃၀

ဧရာဝတီမြစ်ကူးဗိုလ်မြတ်ထွန်းတံတား (ညောင်တုန်း) ရေလမ်းကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းရန် ရေလမ်းကြောင်းကိုအဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၁၂)နှင့် (၁၃)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၃)နှင့်(၁၄)အကြားမှလည်းကောင်း ဖွင့်ထားခဲ့သည်။

ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များခုတ်မောင်းရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့်(၁၂)အကြားမှ လည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၃)နှင့်(၁၄)အကြားမှလည်းကောင်း၊ ၂၀၀၃ခုနှစ် နိုဝင်ဘာ၁ရက်မှစ၍ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ရှိ၍ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်ထက် ၁၇မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင်အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ဝင်ပေါက်ရေလယ်တိုင်များတွင်မြားအမှတ်အသား ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် တိုင်ခြေကပ်၍ ခုတ်မောင်းခြင်း မပြုရန်၊ ရေယာဉ်နှစ်စင်း တံတားတိုင်အကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် အစုန် ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တိုင်းရင်းဆေးဖြင့်မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၃၀

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ၏ စီမံမှု၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ ကူညီပံ့ပိုးမှုဖြင့် အမှတ်(၃) စက္ကူစက်(ပလိပ်)မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲက ကြီးမှူး၍ အိမ်ရှင်မများသို့ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ရက် နံနက်တွင် အမှတ်(၃) စက္ကူစက်(ပလိပ်)မြွေဝါခန်းမ၌ကျင်းပရာ တိုင်းရင်းဆေးတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဦးဝထွန်းနှင့် အမှတ်(၃) စက္ကူစက်(ပလိပ်)စက်ရုံမှူး ဗိုလ်မှူးပိုက်ထွေးတို့က အမှာစကားပြောကြားကြသည်။

သင်တန်းကာလမှာ အောက်တိုဘာ ၂၀ရက်မှ ၂၄ရက်ထိဖြစ်ပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် သင်တန်းသူ ၅၂ဦး တက်ရောက်ကြသည်။ (က–ပ)

၂၀၀၂ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ရရှိသူများ

စဉ်	ဘာသာရပ်	စာမူအမည်	ရေးသူ	ဆုအမျိုးအစား
၁	ဝတ္ထုရှည်	[illegible]	[illegible]	ဒုတိယဆု
၂	ဝတ္ထုရှည်	[illegible]	[illegible]	တတိယဆု
၃	ဝတ္ထုတိုပေါင်းချုပ်	[illegible]	[illegible]	ပထမဆု
၄	ဝတ္ထုတိုပေါင်းချုပ်	[illegible]	[illegible]	ဒုတိယဆု
၅	ဝတ္ထုတိုပေါင်းချုပ်	[illegible]	[illegible]	တတိယဆု
၆	ကဗျာပေါင်းချုပ်	[illegible]	[illegible]	ပထမဆု
၇	ကဗျာပေါင်းချုပ်	[illegible]	[illegible]	ဒုတိယဆု
၈	ကဗျာပေါင်းချုပ်	[illegible]	[illegible]	တတိယဆု
၉	သုတစာပေ (ဗိဇ္ဇာပညာရပ်)	[illegible]	[illegible]	ပထမဆု
၁၀	သုတစာပေ (ဗိဇ္ဇာပညာရပ်)	[illegible]	[illegible]	ဒုတိယဆု
၁၁	သုတစာပေ (ဗိဇ္ဇာပညာရပ်)	[illegible]	[illegible]	တတိယဆု
၁၂	သုတစာပေ (သိပ္ပံနှင့် အသုံးချသိပ္ပံ ပညာရပ်)	[illegible]	[illegible]	ပထမဆု
၁၃	〃	[illegible]	[illegible]	ဒုတိယဆု
၁၄	〃	[illegible]	[illegible]	တတိယဆု
၁၅	[illegible]	[illegible]	[illegible]	ပထမဆု
၁၆	[illegible]	[illegible]	[illegible]	ဒုတိယဆု
၁၇	[illegible]	[illegible]	[illegible]	တတိယဆု
၁၈	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	[illegible]	[illegible]	ပထမဆု
၁၉	〃	[illegible]	[illegible]	ဒုတိယဆု
၂၀	〃	[illegible]	[illegible]	တတိယဆု
၂၁	ကလေးစာပေ	[illegible]	[illegible]	ပထမဆု
၂၂	ကလေးစာပေ	[illegible]	[illegible]	ဒုတိယဆု
၂၃	ကလေးစာပေ	[illegible]	[illegible]	တတိယဆု
၂၄	လူငယ်စာပေ	[illegible]	[illegible]	ပထမဆု
၂၅	လူငယ်စာပေ	[illegible]	[illegible]	ဒုတိယဆု
၂၆	ပြဇာတ်စာပေ	[illegible]	[illegible]	ဒုတိယဆု
၂၇	ပြဇာတ်စာပေ	[illegible]	[illegible]	တတိယဆု
၂၈	[illegible]	[illegible]	[illegible]	ပထမဆု

★ မြန်မာနိုင်ငံမှ

ပြည်သူလူထု၏ လိုအင်ဆန္ဒများနှင့် လိုက်လျောညီထွေသည့် ဒီမိုကရေစီ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်ရန် မြန်မာနိုင်ငံအစိုးရက ခိုင်မာသော သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါသည်။ ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်း တည်ဆောက်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်ပေါ်ထွက်လာရေးကို ဦးတည်သော အမျိုးသားညီလာခံ ပြန်လည်ကျင်းပရေးအတွက်လည်း စနစ်တကျ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေနှင့် ၅၂သန်းသော ပြည်သူများ၏ အကျိုးစီးပွားကိုသာဦးထိပ်ထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မည်သည့်ခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှုများကြောင့် မိမိတို့ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်မှ သွေဖည်သွားမည်မဟုတ်ပါ၊ ဒီမိုကရေစီကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အင်အားစုများကသာ ဖန်တီးဖော်ဆောင်နိုင်ပြီး ပြည်ပမှမည်သို့မျှ ဖိအားပေးဝင်ရောက်စွက်ဖက်၍ မရနိုင်ပါ။

စီးပွားရေးအခြေအနေနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုကမြန်မာနိုင်ငံအပေါ်တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှုများချမှတ်ထားခြင်းမှာ မည်သို့မျှထိရောက်မှုရှိမည်မဟုတ်ကြောင်း သာမန်လေ့လာသူ တစ်ဦးကပင် လေ့လာတွေ့ရှိနိုင်ပါသည်။ ၎င်းတို့အနေနှင့် မြန်မာအစိုးရအပေါ် ထပ်မံတိုးမြှင့်ဖိအားပေးခြင်းဖြင့် မြန်မာအစိုးရ၏ အခြေခံမူဝါဒများကို ပြောင်းလဲပစ်နိုင်လိမ့်မည်ဟု ယူဆနိုင်သည့် အခြေအနေတွင်မရှိကြောင်း အစီရင်ခံစာကိုယ်တိုင်က ဝန်ခံထားပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရသည် မိမိပြည်တွင်းရှိ အင်အားစုများနှင့် အိမ်နီးချင်းမိတ်ဆွေနိုင်ငံများ၏ ထောက်ခံအားပေးမှုဖြင့် နိုင်ငံသားများ၏ လူနေမှုဘဝအဆင့်ကို မြှင့်တင်ပေးလျက်ရှိပါသည်။ တိုတောင်းသော အချိန်ကာလအတွင်း မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ၊ ပြည်သူပြည်သားများ၏ ကျန်းမာရေးနှင့် ပညာရေးအဆင့်အတန်းများကို သမိုင်းတစ်လျှောက် မည်သည့်အခါကမျှ မကြုံဖူးအောင် သိသာထင်ရှားစွာ တိုးမြှင့်ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှုလုပ်ငန်းတွင်သန္နိဋ္ဌာန်ချလျက်ထိထိရောက်ရောက်ဆောင်ရွက်နေသည်ကို မည်သူမျှ အငြင်းပွားနိုင်ဖွယ်ရာမရှိပါ။ သို့သော်ငြားလည်း အမေရိကန်အစိုးရ၏ အစီရင်ခံစာ၌ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် မိမိ၏လုပ်ဆောင်ရန်တာဝန်ရှိသော လုပ်ငန်းများကို အပြည့်အဝ လုပ်ဆောင်ရန် ပျက်ကွက်လျက်ရှိသည်ဟု မည်သို့မျှ ရှင်းလင်းဖော်ပြခြင်းမပြုဘဲ စွပ်စွဲထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် ရနိုင်သမျှသော အင်အားစုများကို အသုံးချဆောင်ရွက်နေပါသည်။ ထို့အတူ ဒေသအတွင်းနှင့် နိုင်ငံတကာမှ လုပ်ဖော်ကိုင်ဖက်များနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အဆိုပါအစီရင်ခံစာသည် အမေရိကန်အစိုးရ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီ၏ စာရင်းဇယားများကိုသော်လည်းကောင်း၊ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့၏စာရင်းဇယားများကိုသော်လည်းကောင်း ထည့်သွင်းစဉ်းစားထားခြင်းမရှိသည်မှာ သိသာထင်ရှားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စု ဘိန်းထုတ်လုပ်မှု စစ်တမ်းကောက်ယူရေးအဖွဲ့နှင့်အတူ ကိုးကြိမ် ပူးပေါင်းဆောင်ရွက်ခဲ့ပြီးဖြစ်ရာ သက်ဆိုင်ရာအမေရိကန်အစိုးရဌာနမှလည်း မြန်မာနိုင်ငံ၌ ယင်းအစီအစဉ် စတင်ခဲ့သည့် ၁၉၉၃ခုနှစ်မှစ၍ ဘိန်းထုတ်လုပ်မှု ၇၇ရာခိုင်နှုန်းမျှ ကျဆင်းခဲ့သည်ကို သိသာထင်ရှားစွာ အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့၏အစီရင်ခံစာကို ကိုးကားဖော်ပြရမည်ဆိုပါလျှင် မြန်မာနိုင်ငံ၌ လွန်ခဲ့သည့် ခြောက်နှစ်အတွင်း ဘိန်းထုတ်လုပ်မှု ၅၀ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု အတိအလင်း ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် ပိုမို၍ အပြုသဘောဆောင်သည့် မူဝါဒများချမှတ်ရန် အချိန်ကျရောက်ပြီ ဖြစ်ပါသည်။ ယခုအချိန်သည် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အခြေအနေများအပေါ် မျှတ၍ ဓမ္မဓိဋ္ဌာန်ကျသောအမြင်ဖြင့် စတင်ရှုမြင်ရန်အချိန်လည်း ကျရောက်ပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွက်သော်လည်းကောင်း၊ အမေရိကန်နိုင်ငံအတွက်သော်လည်းကောင်း အကျိုးမပြုသည့် မူဝါဒများကို ပြန်လည်သုံးသပ်ရန် အချိန်ရောက်ပြီ ဖြစ်ပါသည်ဟု ဖော်ပြထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ ၂၀၀၂ခုနှစ်မှ

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို အောင်သူရိန်(ပုလဲ)၏ "မေတ္တာခိုင်မြဲသတ္တိဇွဲနှင့် အခြားဝတ္ထုတိုများ" ကလည်းကောင်း၊ ဒုတိယဆုကို ထားမြတ်မာ (ဒဂုံတက္ကသိုလ်) ၏ "ခိုင်မာနေသောကြိုးမျှင်လေးနှင့်အခြားဝတ္ထုတိုများ"က လည်းကောင်း၊ တတိယဆုကို သောင်းမြင့်ဦး(ကွမ်းခြံကုန်း)၏ "မဆုံးသောခရီး၊ မပြီးသောတရားနှင့် အခြားဝတ္ထုတိုများ" ကလည်းကောင်း ရရှိသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ရွှေမြိုင်မောင်ဖူးဝါ၏ "ရေကြည်တစ်မှုတ် ပန်းတစ်ဆုပ် ကဗျာပေါင်းချုပ်"ကလည်းကောင်း၊ ဒုတိယဆုကို မောင်သက်နှင်း(မ/ဥ) ၏"အလင်္ကာပုလဲပန်းကဗျာစု"က လည်းကောင်း၊ တတိယဆုကို ဇာနည်၏ "သစ္စာရိပ်မြုံပန်းမှုံနံ့လှိုင်ကဗျာများ"ကလည်းကောင်း ရရှိသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ဆုတွင် ပထမဆုကို ဦးသောင်းငွေ၏ "ရတနာသုံးသွယ်" ကလည်းကောင်း၊ ဒုတိယဆုကို ဒေါက်တာအေးကျော် (ဓိဝကမ္မဗေဒ)၏ "နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း"က လည်းကောင်း၊ တတိယဆုကို မောင်နွယ်သန်း(ပြန်/ဆက်)၏ "ကြံမှသကြားပြည့်စီးပွား" ကလည်းကောင်း ရရှိသည်။

သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)ဆုတွင် ပထမဆုကို နိုင်ရွှေမိုး၏ "မြန်မာ့မှတ်သုံ"က လည်းကောင်း၊ ဒုတိယဆုကို ထင်လင်းအောင်(မြို့ပြ)၏ "လက်တွေ့အခြေခံအဆောက်အအုံပညာ"ကလည်းကောင်း၊ တတိယဆုကို ရွှေနဂါးတင်ဝင်း၏ "ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓိဝခါတ်ငွေ့နည်းပညာ" ကလည်းကောင်း ရရှိသည်။

စာပဒေသာဆုတွင် ပထမဆုကို မောင်စိန်ထွေး၏ "ဦးနှောက်တစ်လုံး၊ လက်တစ်ဖက်၊ မျက်စိတစ်လုံး ဘဝခရီးအဆက်" က လည်းကောင်း၊ ဒုတိယဆုကို ယောနကဘိုးထောင်၏ "ပန်းအလင်္ကာ"က လည်းကောင်း၊ တတိယဆုကို မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၏ "စာပေဘဏ္ဍာတိုက်" က လည်းကောင်းရရှိသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို ပန်းချီလှတင်ထွန်း၏ "မြန်မာပန်းချီရေစီးကြောင်း"က လည်းကောင်း၊ ဒုတိယဆုကို အောင်ငြိမ်းချမ်း (မန်းတက္ကသိုလ်) ၏ "ကြေးသွန်းကြေးခတ် ပန်းတဉ်းအတတ် ပန်းတစ်ရပ်" က လည်းကောင်း၊ တတိယဆုကို ဇင်မင်း(သမိန်ထော)၏ "ဆိုင်းနောက်ထ" ကလည်းကောင်း ရရှိသည်။

ကလေးစာပေဆုတွင် ပထမဆုကို ဆုလာဘ်ထွန်း၏ "နုနုငယ်ငယ် ကလေးအရွယ် ပုံဝတ္ထုများ" က လည်းကောင်း၊ ဒုတိယဆုကို ရဲဘော်မြသိန်း(ဟိုပုန်း)၏ "ကိုရင်လေးရှင်ပညာနှင့် အခြားဝတ္ထုတိုများ" က လည်းကောင်း၊ တတိယဆုကို မောင်မွန်မြတ်(ကျေးလက်-မကွေး)၏ "မြန်မာပြည် ကမ္ဘာတည်ပါစေ ကလေးဝတ္ထုတိုများ" က လည်းကောင်း ရရှိသည်။

လူငယ်စာပေဆုတွင် ပထမဆုကို မအူပင်လွင့်ကျော်၏ "အမေ့သားဂျာအေးနှင့် အခြားလူငယ်ဝတ္ထုတိုများ" ကလည်းကောင်း၊ဒုတိယဆုကိုတင်ထွန်း(ချောက်)၏"ဗြဟ္မစိုရ်အရပ်ကရွာသောမိုး"ကလည်းကောင်း ရရှိသည်။

ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို ဇင်မင်း(သမိန်ထော)၏ "သူရဲကောင်းစိတ်ဓာတ်ပြဇာတ်များ"က လည်းကောင်း၊ တတိယဆုကို တင်ထွန်းဦး(ယဉ်ကျေးမှု) ၏ "တို့မြေ၊ တို့ရေ၊ တို့လေ့ပြဇာတ်" က လည်းကောင်း ရရှိသည်။

ဘာသာပြန်စာပေ ပထမဆုကို ဇော်ထွန်းအောင်၏ "ဒစ်ဂျစ်တယ်မျက်မှောက်ခေတ်"က ရရှိသည်။

စာပေဗိမာန်စာမူဆုတွင် ဘာသာရပ်(၁၂)မျိုးသတ်မှတ်ထားသည့်အနက် နိုင်ငံရေး စာပေဆုအတွက် အဆင့်မီသောစာမူများ မရရှိသဖြင့် ဆုရွေးချယ်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆုရရှိကြသော စာရေးဆရာများသည် ရန်ကုန်မြို့၊အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန် တယ်လီဖုန်းအမှတ်-၂၅၂၅၆၀၊၂၄၀၀၄၈နှင့် ၃၈၁၄၄၉တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို စာဆိုတော်နေ့အကြို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆုရသူများသည် နိုဝင်ဘာ ၇ ရက်နောက်ဆုံးထား၍ ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ စာပေဗိမာန် စာတည်းမှူးချုပ်ထံ သတင်းပို့ကြရန်ဖြစ်သည်။

စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော စာမူရှင်များသည် ဆုရွေးချယ်ခြင်းမခံရသော စာမူများကို ဆုစာရင်းထုတ်ပြန်ပြီးနောက် ခြောက်လအတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ပြန်လည်ထုတ်ယူနိုင်သည်။

၂၀၀၃ခုနှစ်အတွက် စာပေဗိမာန် စာမူပြိုင်ပွဲ ယှဉ်ပြိုင်လိုသူများသည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။ ပြိုင်ပွဲပုံစံနှင့် စည်းကမ်းချက်များ နယ်မှ မှာယူလိုသူများသည်တံဆိပ်ခေါင်းကျပ် ၄၀ဖိုးပေးပို့၍ မှာယူနိုင်ပြီး စည်းကမ်းချက်တွင်ပါရှိသည့်ဘာသာရပ်အလိုက် စာလုံးရေကန့်သတ်ချက်အတိုင်း ပြိုင်ပွဲဝင်နိုင်သည်။

(သတင်းစဉ်)

"လမင်းကို စိန်ခေါ်ကြသူများ" ယခုအပတ် ရုံတင် "အမုန်းပြိုင်ပွဲ" ဇာတ်ကား မြို့လယ်ရုံများတွင် ဆက်လက်ပြသ

ရုပ်ရှင်အစည်းအရုံး မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၃၀

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဦးစီးသော ဒုတိယအကြိမ် မဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၈ ရက်၌ အလိုတော်ပြည့် ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး ရုပ်ရှင်လောကသားများ စုပေါင်း သင်္ကန်းကပ်လှူကြမည်ဖြစ်သည်။ နိုဝင်ဘာ ၇ ရက်တွင် ပဒေသာပင်လှည့်လည်ပွဲ ပြုလုပ်မည်ဟု သိရသည်။ (က-ပ)

အမုန်း ပြိုင်ပွဲ

ပြသနေဆဲ "အမုန်းပြိုင်ပွဲ" ဇာတ် ကား မှ ရာဇာနေဝင်းနှင့် ခိုင်သင်းကြည်။

ရန်ကုန် အောက်တိုဘာ ၃၀

ယခု သောကြာပတ်တွင် စွယ်တော် ရုပ်ရှင်အတွက် ဒါရိုက်တာမောင်တင်ဦး ရိုက်ကူးသည့် **လမင်းကိုစိန်ခေါ်ကြသူများ** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် တင်ဆက်ပြသသည်။

ဖော်ကျူး

လမင်းကို စိန်ခေါ်ကြသူများ ဇာတ်ကားတွင် လူမင်း၊ အိန္ဒြာကျော်ဇင်၊ မြင့်မြင့်ခိုင်နှင့် ဟာသ သရုပ်ဆောင်များ ပါဝင်ကြသည်။ ဇာတ်ပုံပညာရှင်သူဌေးသားတစ်ဦးနှင့် ပုပ္ပားတောင်၌ မျောက်စာရောင်းသော မိန်းကလေးတစ်ဦးတို့ တွေ့ဆုံချစ်ကျွမ်းဝင်ခဲ့ရာမှ ပျော်စရာရွှင်စရာ ဇာတ်လမ်း ဖြစ်ပေါ်ခဲ့ပုံ၊ ဆွေးစရာ၊ တွေးစရာဖြင့် အဆင်မပြေမှုများဖြစ်ရပုံတို့ကို ပုပ္ပားရှုခင်းများ နောက်ခံထား ရိုက်ကူးပြသထားသည်။ နောက်ဆုံးတွင် စစ်မှန်သော မေတ္တာတရား၏ အေးမြမှုကို ဖော်ကျူးထားသည်။

အမုန်းပြိုင်ပွဲ

ဆက်လက်၍ ရွှက်စိမ်းရုပ်ရှင်မှ ဒါရိုက်တာနောင်ထွန်းလွင်၊ ညီထွန်းလွင် ရိုက်ကူး၍ ရာဇာနေဝင်း၊ ခိုင်သင်းကြည်တို့ ပါဝင်သော **အမုန်းပြိုင်ပွဲ** အချစ်ဟာသဇာတ်ကား နေပြည်တော်၊ ရှေ့ဆောင်နှင့် နဝဒေးရုံများတွင် ပြသနေသည်။

ဘုမ္မာဝတီ

ယခု သောကြာပတ်တွင် စာရေးဆရာ မင်းသိင်္ခ၏ဝတ္ထုကို ဒါရိုက်တာခင်စောမျိုး ရိုက်ကူး၍ ကျော်သူ၊ ဇင်ဝိုင်း၊ မင်းမော်ကွန်းနှင့် စိုးမြတ်နန္ဒာတို့ပါဝင်သည့် **ဘုမ္မာဝတီအရှုပ်တော်ပုံ** အဆင့်မြင့် ဗီဒီယိုဇာတ်ကား ရွှေဂုန်ရုံတွင် တင်ဆက်ပြသသည်။

အက်ရှင်ဇာတ်ကြမ်း

ဆက်လက်၍ မြို့မရုံတွင် BAGAVATHIအမည်ရှိ အိန္ဒိယဖိုက်တင်နှင့် အက်ရှင်ဇာတ်ကြမ်းကား ဆက်လက်ရုံတင်ပြသနေသည်။ မင်းသား ဗီဂျေးခေါင်းဆောင်ပါဝင်ထားသည်။

မေတ္တာဘွဲ့

ဆုထူးပန်ရုံတွင် ဆပ်အလီခန်၊ ပရက်တီဇင်တာတို့ ပါဝင်သရုပ်ဆောင်ထားသော KYAKEHNA!အမည်ရှိ အိန္ဒိယ အချစ်နှင့်မေတ္တာဘွဲ့ဇာတ်ကား ရုံတင်ပြသနေသည်။

ရတနာပုံရုံတွင် ဆူးမစ်ဆားဂဲလ်၊ ဆိုနီကာဂေးလ်နှင့် ခရီပရာဒါတို့ ပါဝင်သော TUNAGINMAIN SHPERA အမည်ရှိ အိန္ဒိယ မြွေမင်းသမီး ဇာတ်ကားရုံတင်ပြသနေသည်။

(ကြေးမုံ)

ယခုအပတ် ရုံတင်ပြသသော ဒါရိုက်တာ မောင်တင်ဦး၏ "လမင်းကို စိန်ခေါ်ကြသူများ"ဇာတ်ကားမှ လူမင်းနှင့် အိန္ဒြာကျော်ဇင်။

ဒါရိုက်တာ ကိုခင်ရွှေး(ဇမ္ဗူတလူ)၏ "အမေ့သား" ဗီဒီယိုဇာတ်ကားမှ မင်းခေတ်နှင့် ဆုပန်ထွာ။

"အမေ့သား" ဇာတ်ကား မကြာမီ ဖြန့်မည်

ရန်ကုန် အောက်တိုဘာ ၃၀

မိခင်၏မေတ္တာနှင့် သစ္စာတရားကို သရုပ်ဖော်ထားသည့် ဇမ္ဗူတလူ ဗီဒီယိုမှ ဒါရိုက်တာ ကိုခင်ရွှေး ရိုက်ကူးသော **အမေ့သား** ဗီဒီယိုဇာတ်ကားကို ဖြန့်ချိပြသရန် စီစဉ်လျက်ရှိသည်။

ထိုဇာတ်ကားတွင် မင်းခေတ်၊ ဆုပန်ထွာ၊ ချိုပြုံး၊ ထွန်းထွန်းဝင်းနှင့် ဇော်ဦးတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ (ကြေးမုံ)



ဗလမင်းထင် တံတား

ပြည်ထောင်စု မြန်မာနိုင်ငံတော် မြောက်ဖျား ကချင်ပြည်နယ်မှ ဗလမင်းထင် တံတားကြီး၏ အလှ။ *[ဓာတ်ပုံ–ရွှေအင်းသားခင်မောင်ဝင်း(ကြေးမုံ)]*

ရောဝတီတံတား (မကွေး)

မြေလတ်ပိုင်း မင်းဘူးနှင့် မကွေးမြို့ကို ပေါင်းကူး ဆက်သွယ်ထားသည့် ရောဝတီတံတား (မကွေး)။
[ဓာတ်ပုံ–သွင်အေး(ကြေးမုံ)]

သံလွင်တံတား(မော်လမြိုင်)

တည်ဆောက်ဆဲ မွန်ပြည်နယ် မုတ္တမနှင့်မော်လမြိုင်ကို ဆက်စပ်ပေးမည့် သံလွင်တံတား(မော်လမြိုင်)။
[ဓာတ်ပုံ–ခရမ်းစိုးမြင့်(ကြေးမုံ)]

ပြည်ထောင်စုတစ်နံတစ်လျား ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ်မည့် ပေါင်းကူးတံတားကြီးများ

ပြည်ထောင်စု အသိုက်အဝန်းကြီးသည် တိုင်းရင်းသားတို့ ချစ်ကြည်သော ပေါင်းစည်းမှုဖြင့် ခိုင်ကျည်လျက်ရှိသည်။ ယခင် အတိတ်ကာလက ပြည်ထောင်စု သွေးချင်းတို့ အနေနီးသော်လည်း ခရီးဝေးခဲ့ကြရသည်။

တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားတို့ သွေးစည်းညီညွတ်မှုကို ပိုမိုကျစ်လျစ်အောင် ပေါင်းစည်းပေးခဲ့သည်။ နယ်စပ်ဒေသမကျန် ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အနှံ့ လမ်း၊ တံတား၊ ဆည်မြောင်း၊ ဆေးရုံ၊ ဆေးပေးခန်း၊ တက္ကသိုလ်၊ ကျောင်း၊ စက်ရုံ၊ စက်မှု၊ လျှပ်စစ်စသည်ဖြင့် ဘက်ပေါင်းစုံ၊ ကဏ္ဍစုံတွင် တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရသည်။

ယင်းအနက် ပြည်ထောင်စုကြီး၏ ထက်အောက်စုန်ဆန် ခရီးလမ်းကို ချောမွေ့ပြေပြစ်စေခဲ့သည်။ တံတားကြီးများသည် အထင်ကရပါဝင်ခဲ့သည်။ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှ ဗလမင်းထင်တံတား၊ ထိုမှ မြေလတ်ပိုင်း ရောဝတီတံတား (မကွေး)၊ တစ်ဖန် မွန်ပြည်နယ်မှ ဆောက်လုပ်ဆဲ သံလွင်တံတား(မော်လမြိုင်) ကို ဖြတ်သန်း၍ တောင်ပိုင်းရှိ တနင်္သာရီတိုင်း မြိတ်မြို့မှ ကွဲကူး–ကျောက်ဖျာ တံတားကြီးကို ကျော်ဖြတ်၍ နိုင်ငံအနှံ့ ကုန်းကြောင်းခရီး ဆန့်နိုင်ကြပေ တော့မည်။

(ကြေးမုံ)

ကွဲကူး–ကျောက်ဖျာ တံတား

မကြာမီရက်ပိုင်းက ဖွင့်လှစ်လိုက်သည့် တနင်္သာရီတိုင်း မြိတ်မြို့ ကွဲကူး–ကျောက်ဖျာ တံတား၏ ခံ့ထည်မှု မြင်ကွင်း။

(ဓာတ်ပုံ–သတင်းစဉ်)

စာဖတ်ပရိသတ်အနေနှင့် စာကောင်းပေမွန်ကို ရွေးဖတ်၊ စာပေကိုအားပေး - နတ်နွယ်
ဘ၀အတွေ့အကြုံနှင့်ယှဉ်ပြီး ဒဿနခံစားမှုအားကောင်းသောကဗျာများရေးနေ - ဇော်မင်းမင်းဦး
စရိုက်အမှန်ခံစားရတာတွေကို ဝတ္ထုတိုရေးဖွဲ့လို့ အဖြစ်မှန်ကများ - သန်းမြင့်အောင်

တွေ့ဆုံမေးမြန်းသူ-
ဒေးကြည်(ကြေးမုံ)
ဓာတ်ပုံ-
ရွှေအင်းသားခင်မောင်ဝင်း
လှိုင်မိုး(ရွှေအင်းသား)

ရန်ကုန် အောက်တိုဘာ ၃၀

၂၀၀၂ခုနှစ်အတွက် အမျိုးသားစာပေဆု ဘာသာပြန်(ရသ) ဆုအဖြစ် "ကာရာမာဇော့ညီအစ်ကိုများ"စာအုပ်ဖြင့် အမျိုးသားစာပေဆုရရှိသော စာရေးဆရာနတ်နွယ်အား ကြေးမုံသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းသည်။

စာပေနှင့် ပထမဆုံး ဆုရခြင်းဖြစ်ပါတယ်၊ ဆုရတာ ဝမ်းသာ ပါတယ် ဟု ဆရာနတ်နွယ်က ပြောသည်။

ဓာတ်ပုံ-လှိုင်မိုး
(ရွှေအင်းသား)

ကြေးမုံ။ ။ အမျိုးသားစာပေဆုရတာနဲ့ပတ်သက်ပြီး ဆရာရဲ့ခံစားချက်နှင့် ယနေ့စာပေလောက အခြေအနေကို ရှင်းပြစေချင်ပါတယ်။

ဆရာနတ်နွယ်။ ။ ရိုးရိုးပြောရရင်တော့ ဆုရတာဝမ်းသာပါတယ်၊ ယနေ့စာပေမှာ ဝတ္ထုရှည်တွေရှားပါးပါတယ်၊ ဘာသာပြန်ဝတ္ထုရှည်တွေလည်း ရှားပါးနေတော့၊ ဆက်အားထုတ်ကြမယ်လို့ မျှော်လင့်ပါတယ်၊ ဆုရတဲ့ ကာရာမာဇော့ဝတ္ထုက တော်တော်လေးရှည်ပါတယ်၊ ကမ္ဘာ့ဂန္ထဝင်လည်းဖြစ်ပါတယ်၊ မြန်မာစာဖတ်တဲ့လူတွေကို ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတွေ ဖတ်စေချင်တယ်၊ အဲဒီစေတနာနှင့် ဘာသာပြန်တာဖြစ်ပါတယ်။ ကျွန်တော် စာပေလောကကို ၁၉၅၀က စတင်ဝင်ရောက်ခဲ့ပါတယ်၊ အစမှာတော့ ဝတ္ထုအတိုတွေရေးပါတယ်၊ နောက်တော့ လုံးချင်းတွေ ရေးပါတယ်။

စာပေနှင့်ပတ်သက်လို့ ပထမဆုံး ဆုရခြင်းဖြစ်ပါတယ်၊ လုံးချင်းစာအုပ် ၁၃၀လောက် ထုတ်ပါတယ်၊ ဘာသာပြန်က ၃၀လောက်ထွက်ပါတယ်။

စာပေဆုရတာနှင့် ပတ်သက်လို့ဝမ်းသာပါတယ်၊ စာပေဆုဆိုတာကတော့ ဘယ်အလုပ်ပဲဖြစ်ဖြစ် လူတွေက သူ့အလုပ်ကိုသူ ကြိုးစားကြရတာပေါ့၊ ကြိုးစားတဲ့အတွက် ခံစားခွင့်ရတယ်ဆိုတော့ ဝမ်းသာတာပေါ့၊ စာဖတ်ပရိသတ်အနေနှင့် စာကောင်းပေမွန်ကို ရွေးဖတ်ဖို့နှင့် စာပေကို အားပေးဖို့၊ စာပေကိုအားပေးမှ ရေးတဲ့လူကလည်းရေးမယ်၊ထုတ်တဲ့လူကလည်းထုတ်၊ ဖတ်တဲ့လူကလည်းဖတ်မယ်၊ စာဖတ်တဲ့လူကလည်း စာကောင်းပေမွန်တွေဖတ်ကြပါ၊ ထုတ်တဲ့လူကလည်း စာကောင်းပေမွန်တွေ ထုတ်ကြပါ၊ ရေးတဲ့လူတွေကလည်း ဒါမှ ကြိုးစားပြီး ရေးအားရှိမယ်ဟု ပြောကြားသည်။

ကဗျာပေါင်းချုပ်

၂၀၀၂ခုနှစ် အမျိုးသားစာပေဆု ကဗျာပေါင်းချုပ်ဘာသာရပ်တွင် အမျိုးသားစာပေဆုဆွတ်ခူးခဲ့သော "ပထမဆုကဗျာများ" စာအုပ်ရေးသားသူ ကဗျာဆရာဇော်မင်းမင်းဦးအား ကြေးမုံသတင်းအဖွဲ့က ဆက်သွယ်မေးမြန်းခဲ့သည်။

ဆရာဇော်မင်းမင်းဦးသည် ၁၉၉၄ ခုနှစ်က ပထမဆုံး ကဗျာပေါင်းချုပ်ဖြစ်သော"တေးမြစ္စန်းဆက်ကဗျာများ" စာအုပ်ဖြင့် အမျိုးသားစာပေဆု ပထမအကြိမ်ရရှိခဲ့သည်။ ယခု ဒုတိယမြောက်စာအုပ်ဖြစ်သော "ပထမဆုကဗျာများ" စာအုပ်ဖြင့် ဒုတိယအကြိမ်ဆုရခြင်းဖြစ်သည်။

ဆရာဇော်မင်းမင်းဦးမှာ ကဗျာရေးသက် အနှစ် ၂၀ကျော်ရှိပြီး စာနယ်ဇင်းများတွင် ကဗျာပေါင်း၂၀၀ကျော်ရေးခဲ့သည်။ ယခုနောက်ပိုင်းတွင် ဘ၀အတွေ့အကြုံနှင့်ယှဉ်ပြီး ဒဿနခံစားမှု အားကောင်းသောကဗျာများ ရေးနေကြောင်းသိရသည်။

ဆရာဇော်မင်းမင်းဦးကို အဖ အရာခံဗိုလ်ဟန်တင်(အငြိမ်းစား)နှင့် အမိ ဒေါ်သန်းမြင့်တို့က မကွေးတိုင်း ပွင့်ဖြူမြို့နယ်တွင် မွေးဖွားခဲ့ပြီး ၁၉၈၁ခုနှစ် စစ်တက္ကသိုလ်အမှတ်စဉ်(၂၆)ဗိုလ်လောင်းသင်တန်းတက်ရောက်ခဲ့သည်။ တပ်မတော်(ရေ) ယာယီစစ်ရေယာဥ်စုမှူး ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

ဘ၀ အတွေ့အကြုံနှင့် ယှဉ်ပြီး ဒဿနခံစားမှုအားကောင်းသော ကဗျာများရေးနေသူ ဆရာဇော်မင်းမင်းဦး။

ဝတ္ထုတိုပေါင်းချုပ်ဆု

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီမှ ၂၀၀၂ခုနှစ်အတွင်းထုတ်ဝေခဲ့သည့် စာအုပ်များစိစစ်ရွေးချယ်ခဲ့ရာတွင် ဝတ္ထုတိုပေါင်းချုပ် "သဏ္ဍာန်မဲ့ထုထည်ဝတ္ထုတိုစု"ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သော စာရေးဆရာမ သန်းမြင့်အောင်(ဒေါ်သန်းမြင့်အောင်)အား ကြေးမုံသတင်းအဖွဲ့က အောက်တိုဘာ ၃၀ရက်တွင် တွေ့ဆုံမေးမြန်းခဲ့သည်။

ကြေးမုံ။ ။ ဝတ္ထုတိုပေါင်းချုပ်ဆုရရှိတဲ့ စာအုပ်နှင့်ပတ်သက်၍ ဆရာမအနေနှင့် ရှင်းပြစေချင်ပါတယ်။

သန်းမြင့်အောင်။ ။ သဏ္ဍာန်မဲ့ထုထည်စာအုပ်ဟာ ကျွန်မရဲ့ လုံးချင်းဝတ္ထုတိုပေါင်းချုပ် တတိယစာအုပ်ဖြစ်ပါတယ်။

ကျွန်မဝတ္ထုတိုပေါင်းချုပ်က များသောအားဖြင့် လူမှုဘ၀ဝန်းကျင်မှာ မိသားစုတွေအကြား လူမှုဘ၀ဝန်းကျင်လူ့အဖွဲ့အစည်းမှာ ပရဟိတနှင့်ပတ်သက်တဲ့ ဖြတ်သန်းခဲ့တဲ့ဝန်းကျင်၊ မြင်တွေ့နေရတဲ့မိသားစု၊ ကျွန်မဝန်းကျင်က လူနေမှုစနစ်၊ စရိုက်အမှန်တွေကို ခံစားရတဲ့ဟာတွေကို ဝတ္ထုတိုရေးဖွဲ့တာပါ၊ ဒါကြောင့်မို့လို့ အဖြစ်မှန်က များပါတယ်။

ဝတ္ထုတိုတွေကို လူတွေခံစားနားလည်နိုင်တယ်၊ ဝတ္ထုတိုတွေအောင်မြင်တယ်၊ ရေးတဲ့အကြောင်းအရာခံစားနိုင်တယ်ဆိုတာ ဝမ်းသာပါတယ်၊ ဝတ္ထုတိုဆုရတာနှင့်ပတ်သက်လို့ ပြောလိုတာက ကျွန်မအရည်အချင်းတစ်ခုကြောင့် မဟုတ်ပါဘူး၊ ဖြတ်သန်းနေရတဲ့ ပတ်ဝန်းကျင်အတွေ့အကြုံနှင့် ကျွန်မအေးပတ်ဝန်းကျင်မှာရှိတဲ့ လူနေမှုဘ၀တွေ၊ စရိုက်တွေ၊ ကျွန်မတို့ရဲ့ မိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ ပရဟိတလုပ်ဖော်တွေ၊ အဲဒီလိုလူတွေရဲ့ အားပေးကူညီမှုတွေ တွေ့ပြီးတော့မှ ကျွန်မရေးဖွဲ့ရတဲ့အကြောင်းဖြစ်လို့ သူတို့ရဲ့ကျေးဇူးတရားတွေက များပြားပါတယ်

ကြေးမုံ။ ။ စာပေလောကကို ဘယ်အချိန်လောက်က စတင်ဝင်ရောက်ရေးသားခဲ့ပါသလဲ။

သန်းမြင့်အောင်။ ။ ၁၉၇၈ခုနှစ်လောက်ကနေ စရေးပါတယ်၊ အဲဒီတုန်းက အနည်းအကျဉ်းရေးပါတယ်၊ များများရေးဖွဲ့နိုင်တာကတော့ ၉၀ပတ်ဝန်းကျင်က စပါတယ်၊ ၈၇ခုနှစ်လောက်မှာ တိုင်းရင်းမေဂျာနယ်မှာပါတဲ့ ဝတ္ထုတိုကလေးကစပြီး စာပေလောက စဝင်တာပါ၊ ပထမပိုင်းမှာတော့ မတည်ငြိမ်သေးပါဘူး၊ ကလောင်နာမည် သန်းမြင့်အောင်လို့ မယူသေးပါဘူး၊ ၈၇ခုနှစ်နောက်ပိုင်းမှာ သန်းမြင့်အောင်နာမည်နှင့် ဝတ္ထုတိုတွေရေးဖြစ်ပါတယ်၊ စာအုပ်အနေနှင့် ဝတ္ထုတိုပေါင်းချုပ် ငါးအုပ်ရှိပါပြီ၊ ဝတ္ထုလတ်က ငါးအုပ်ရှိပါတယ်၊ တစ်ယောက်တည်း ဝတ္ထုရှည်လုံးချင်းက နှစ်အုပ်ရှိပါတယ်။

အားလုံးပေါင်းမယ်ဆိုရင် ၁၀အုပ်လောက်ရှိပါပြီ၊ ယနေ့စာပေလောကနှင့်ပတ်သက်လို့ ဘ၀သရုပ်ဖော်ဝတ္ထုတွေ၊ စရိုက်မှန်ဝတ္ထုတိုလေးတွေ လူဖတ်များလာတာ၊ လူကြိုက်များလာတာ တကယ့်လူနေမှုဘ၀ကို ထင်ဟပ်တဲ့ဝတ္ထုတိုတွေကို လူတွေမျက်စိကျလာကြတာ တော်တော်ဂုဏ်ယူပါတယ်၊ တော်တော်လဲ နှစ်ခြိုက်ပါတယ်။

လူမှုရေးလုပ်ငန်းနှင့် ပတ်သက်လို့လည်း မိဘမဲ့ကလေးတွေ ပြန်လည်ထူထောင်ရေး၊ စိတ်ရောဂါဆေးရုံရဲ့ ဆေးကုထုံးသစ်ရှာဖွေရေးပါဝင်ဆောင်ရွက်ခဲ့ပါတယ်၊ HIV ကာကွယ်ရေးနှင့် ပတ်သက်လို့လည်း ဓာတ်လမ်းဓာတ်ညွှန်းတစ်ခုရေးသားခဲ့ပါတယ်၊ အခုလက်ရှိလည်း မရမ်းချောင်း အနာကြီးရောဂါပပျောက်ရေး၊ အနာကြီးရောဂါရှာဖွေရေးမှာလည်း လုပ်ကိုင်ဆောင်ရွက်နေပါတယ်၊ ရန်ကုန်မြို့နာရေးကူညီမှုအသင်း၊ နောက်ခြေတစ်လှမ်းဖြစ်တဲ့ ဆေးပဒေသာပင်၊ ဆေးကုသရေးအဖွဲ့မှာ လက်ရှိလူမှုရေးပရဟိတလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်၊ ကျွန်မရေးတဲ့ ဝတ္ထုတိုတွေဟာ များသောအားဖြင့် လူမှုရေးပရဟိတတွေ ဆောင်ရွက်နေတဲ့အကြောင်းတွေ၊ အတွေ့အကြုံတွေ၊ လူမှုဘ၀ကျင်လည်တဲ့ စရိုက်မှန်တွေ ရေးဖွဲ့တာများပါတယ် စသဖြင့်ပြောကြားသည်။

"ပရဟိတ လုပ်ငန်းများနှင့် မိမိ ပတ်ဝန်းကျင်မှ လူနေမှု စရိုက်သဘာဝတို့ကို ဖွဲ့ဆိုခြင်းဖြစ်၍ ထိုကျေးဇူးတရားများကို မမေ့နိုင်ပါ" ဟု ဆရာမ သန်းမြင့်အောင်က ပြောသည်။

ဓာတ်ပုံ-
(ရွှေအင်းသား-
ခင်မောင်ဝင်း)

ဆရာမ သန်းမြင့်အောင်မှာ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့၌ ဦးချစ်အောင်၊ ဒေါ်ရင်ရွှေတို့က မွေးဖွားခဲ့ပြီး ရန်ကုန်မြို့ နာရေးကူညီမှုအသင်းဖြစ်မြောက်ရေးကော်မတီတွင် လုပ်ငန်းကြီးကြပ်ရေးကော်မတီဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ။ **(ကြေးမုံ)**

ဆင့်ကဲဆုများ ရစေသား

* ဟိုးချိန်ကာလ မဝေးစွတွင်
မြန်မာ့အားကစား လွှမ်းမြင့်မားခဲ့
မော်ကြွားယှဉ်ပြိုင် တို့သာနိုင်၍
ကြိုင်လျှမ်းဂုဏ်ရောင် ထွန်းလင်းပြောင်ကာ
အောင်မြင်ကျော်ကြား အာရှတစ်လွှား
* အချိန်ကာလ တိုတောင်းလှငြား
မြားပစ်အားကစား လွှမ်းကျော်ကြားပြီး
ကြိုးစားယှဉ်ပြိုင် စိတ်ဓာတ်ခိုင်၍
နိုင်ငံတကာပြိုင်ပွဲ ဝင်ဆင်နွှဲကာ
ဗိုလ်စွဲနိုင်ယူ အောင်လံထူသည်
ပြည်သူအားလုံး ဂုဏ်ယူမဆုံး
* မြားပစ်အားကစား ဆက်ကြိုးစားလော့
မြင့်မားပန်းတိုင် မြန်ရောက်နိုင်အောင်
ကြံ့ခိုင်စိတ်ဓာတ် ဖွဲ့မာန်ထပ်၍
မပြတ်ပြိုင်ပွဲ ဝင်ဆင်နွှဲကာ
ဆင့်ကဲဆုများ ရစေသားဟု
တို့များဆုခြွေ မျှော်လင့်နေမည်
မသွေအောင်ပန်း လက်တစ်ကမ်း။ ။

နေမျိုးအောင်

(မကြာမီ ကျင်းပမည့် အာဆီယံမြားပစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့မြားပစ်အသင်းအား ဂုဏ်ပြုလျက်)

တေရသမအကြိမ် ဘုံကထိန်အလှူမင်္ဂလာ

ရန်ကုန် အောက်တိုဘာ ၃၀

ရေတာရှည်လမ်းသစ် ဗဟန်းမြို့နယ် ရွှေဟင်္သာသီရိမင်္ဂလာစံကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ တေရသမအကြိမ်ကထိန်လျာသင်္ကန်း ဆက်ကပ်ပွဲကို ၁၃၆၅ခု တန်ဆောင်မုန်းလဆန်း ၉ရက် (နိုဝင်ဘာ ၂ရက်) တနင်္ဂနွေနေ့နံနက် ၈ နာရီမှ ၁၁ နာရီထိ သီရိမင်္ဂလာစံကျောင်း ပရိယတ္တိစာသင်တိုက်ကြီးအတွင်း ကျင်းပမည်ဖြစ်ရာ အနုမောဒနာတရားနာကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု ရောင်စုံဓာတ်ပုံပြိုင်ပွဲ အကဲဖြတ်စိစစ်ရွေးချယ်

ရန်ကုန် အောက်တိုဘာ ၃၀

အမျိုးသားရေး ဆောင်ပုဒ်များ ရေးသားရေးဦးစီးကော်မတီ၏ ၂၀၀၃ ခုနှစ် (၁၄)ကြိမ်မြောက် အမျိုးသားရေး ဆောင်ပုဒ်များ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ ရောင်စုံဓာတ်ပုံ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းအဖွဲ့သည် "ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ဖိတ်ခေါ်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဓာတ်ပုံပညာရှင်ပေါင်း ၇၂ဦးထံမှ ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံ ၁၉၄ပုံကို လက်ခံရရှိသည်။

"ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု" ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့်အဖွဲ့က စိစစ်အကဲဖြတ်ကြစဉ်။

(ကြေးမုံ)

စိစစ်အကဲဖြတ်

အဆိုပါ ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ် (၂၂-၂၄)ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ အဖွဲ့ဝင်များဖြစ်ကြသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးကိုကိုထွေး၊ ဓာတ်ပုံပညာရှင်ကြီးများဖြစ်ကြသော ဦးလှကြွယ်၊ ဦးဖေခင်၊ ဥက္ကလာ ဦးထွန်းရွှေ၊ ဦးသွင်အေး၊ ဦးလှအေး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ကြွယ်၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းမင်းတို့ တက်ရောက် စိစစ်အကဲဖြတ်ကြသည်။

ဆက်သွယ်ပေးပို့

အကဲဖြတ်စိစစ်ရေးအဖွဲ့၏ စိစစ်အကဲဖြတ်ချက်အရ ပထမဆုကို စစ်သွေးကျော် (Photo-Art 2) ကလည်းကောင်း၊ ဒုတိယဆုကို ကျော်သာကလည်းကောင်း၊ တတိယဆုကို အေးလွင်ဦး(ရွှေပန်းချီ) ရမည်သင်းကလည်းကောင်း၊ အထူးဆုများကို ဆန်းဦး (တိမ်လွှာ)၊ ရွှေအင်းသားခင်မောင်ဝင်း၊ ညောင်ဦးဖိုးချို၊ မောင်မောင်မျိုးကြည်၊ ညောင်ဦးဖိုးချိုတို့က ရရှိကြသည်။ ဆုရရှိသူများသည် ပြိုင်ပွဲဝင်ဓာတ်ပုံ၏ မူရင်း နဂ္ဂတစ်ဖလင်ကို အမြန်ဆုံး ဆက်သွယ်ပေးပို့ကြရမည်ဖြစ်သည်။

ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများသည် ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုလက်ခံယူကြရမည် ဖြစ်ပြီး အထူးဆုရရှိသူများထံသို့ ဆုငွေများ ဆက်သွယ်ပေးပို့မည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန မဟာဘုံကထိန်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဇနီး ဒေါ်ကြူကြူဝင်းတို့အား အမှူးထား၍ ဝန်ကြီးဌာန မိသားစုများ၏ (၁၁)ကြိမ်မြောက် မဟာဘုံကထိန်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားအရှေ့ဘက်ရှိ လယ်တီဝိပဿနာကျောင်းတိုက်၌ ကျင်းပရာ ဝန်ကြီး ဦးစိုးသာနှင့် ဇနီးတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ လယ်တီဝိပဿနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အာသဘထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝန်ကြီး ဦးစိုးသာနှင့်ဇနီး ဒေါ်ကြူကြူဝင်း၊ ညွှန်ကြားရေးမှူးချုပ်များက ဆရာတော်သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**ယင်းနောက် ဝန်ကြီးနှင့် ဇနီးတို့က သာသနာ့နွယ်ဝင် သီလရှင်များအား ဝတ်ရုံလွှာနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဝန်ကြီးနှင့် ဇနီး၊ ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

မြားပစ်ပြိုင်ပွဲတက်ရန် ကိုယ်စားလှယ်များရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၃၀

ရန်ကုန်မြို့၌ ကျင်းပမည့် ၂၀၀၃ခုနှစ် (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲနှင့် ၂၀၀၄ခုနှစ် အေသင် အိုလံပစ် လက်ရည်စစ်မြားပစ်ပြိုင်ပွဲသို့ တက်ရောက်ရန် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲ စီမံခန့်ခွဲသူ Mr. Sanguan Kosavinta၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Donald M.Love နှင့် ထိုင်းမှ ခုနစ်ဦး၊ ဟောင်ကောင်မှ ငါးဦး၊ ကိုရီးယားမှ ၁၉ဦးနှင့် ဖိလစ်ပိုင်မှ နှစ်ဦးတို့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။ (သတင်းစဉ်)

✪ စာမျက်နှာ ၂ မှ

ရန်ကုန်တိုင်းမှ မောင်သန်းလှိုင်(ခ) ဟိန်းထက်၊ ရခိုင်ပြည်နယ်မှ မောင်ပြည့်စုံဖြိုး၊ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုး၊ မကွေးတိုင်းမှ မောင်လှိုင်မိုး၊ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်းနှင့် မန္တလေးတိုင်းမှ မောင်မိုးထက်ကျော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက် (၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသမီး) မယ်ဒလင်အတီး ပြိုင်ပွဲတွင် "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မနန်းသူဇာနှင့် မကွေးတိုင်းမှ မအိသန္တာအောင်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မယ်ဒလင်အတီး ပြိုင်ပွဲကို ကျင်းပရာ အဆိုတော် ဒေါ်မေရှင် သီဆိုခဲ့သည့် "တေမိယ" ခေတ်ဟောင်းကာလပေါ် သီချင်းဖြင့် တနင်္သာရီတိုင်းမှ မောင်သူရကျော် ပါဝင်ယှဉ်ပြိုင်သည်။

ပတ္တလား

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားအတီး ပြိုင်ပွဲကို နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဓာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ဝါသနာရှင်အဆင့် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် "ရဝေဒေါင်းယဉ်ပျံ" (ပတ်ပျိုး) သီချင်းခေါင်းစဉ်ဖြင့် မန္တလေးတိုင်မှ မသဉ္ဇာမျိုး၊ ရန်ကုန်တိုင်းမှ ဒေါ်မြင့်မြင့်အေး၊ ရန်ကုန်တိုင်းမှ ဒေါ်အေးမာသီ၊ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်း၊ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်းနှင့် ပဲခူးတိုင်းမှ ဒေါ်စန္ဒာလင်း(ခ) စုစုလှိုင် တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေခံပညာအဆင့် အသက် (၁၅) နှစ်မှ (၂၀)နှစ် (အမျိုးသား) ပတ္တလား အတီးပြိုင်ပွဲတွင် "မြိုင်ကြီးဟေမာ" (ယိုးဒယား) သီချင်းခေါင်းစဉ်ဖြင့် ဧရာဝတီတိုင်းမှ မောင်ဝင်းထွဋ်၊ မကွေးတိုင်းမှ မောင်တင်နိုင်လင်း၊ မန္တလေးတိုင်းမှ မောင်ဗိုလ်မြင့်နိုင်၊ ရခိုင်ပြည်နယ်မှ မောင်မြတ်ဇော်၊ ရန်ကုန်တိုင်းမှ မောင်သူရကြည်မိုး (ခ) ဖိုးသကြန်၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်၊ ပဲခူးတိုင်းမှ မောင်စိုးသိန်း၊ မွန်ပြည်နယ်မှ မောင်ဟိန်းမင်းသူနှင့် မန္တလေးတိုင်းမှ မောင်ဟန်ထက်အောင် တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲကို ပတ္တလားအတီး အကဲဖြတ်ခေါင်းဆောင် ဦးရည်နွယ်နှင့်အဖွဲ့က ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

စောင်း

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စောင်းတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသား) စောင်းတီးပြိုင်ပွဲတွင် "ဇေယျာမြို့" (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ရဲမင်းအောင်၊ ရန်ကုန်တိုင်းမှ မောင်ထက်နိုင်လင်း၊ မန္တလေးတိုင်းမှ မောင်သိုင်းထက်နှင့် ဧရာဝတီတိုင်းမှ မောင်အောင်နိုင်စိုးတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) စောင်းတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "မြို့နန်း" (ကြိုး)သီချင်းဖြင့် ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ မန္တလေးတိုင်းမှ မဟိန်းထက်၊ ရခိုင်ပြည်နယ်မှ မနှင်းနှင်းလှိုင်၊ မွန်ပြည်နယ်မှ မမြစန္ဒာနိုင်၊ မန္တလေးတိုင်းမှ မကေသာယုနှင့် ရန်ကုန်တိုင်းမှ မဆုရည်ကိုကိုတို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းအစီအစဉ်ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (အမျိုးသား) စောင်းတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ဦးကင်ဘုံမြင့်" (ဘွဲ့) သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးမြင့်မောင်၊ ဧရာဝတီတိုင်းမှ မောင်ညီညီအောင်၊ ရန်ကုန်တိုင်းမှ မောင်စိန်လွင်၊ ရန်ကုန်တိုင်းမှ မောင်ချမ်းသာ၊ ပဲခူးတိုင်းမှ ဦးစန်းကိုလေး၊ မွန်ပြည်နယ်မှ မောင်သဲအောင်ချစ်နှင့် မန္တလေးတိုင်းမှ ဦးရဲမျိုးနောင်တို့ ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (အမျိုးသမီး) စောင်းတီးပြိုင်ပွဲကို ကျင်းပရာတွင် "ဦးကင်ဘုံမြင့်" (ဘွဲ့) သီချင်းဖြင့်ပင် မန္တလေးတိုင်းမှ ဒေါ်ခင်ဆွေမြညွန့်၊ ဧရာဝတီတိုင်းမှ ဒေါ်မို့မို့၊ တနင်္သာရီတိုင်းမှ မလွင်မာသိန်းနှင့် မန္တလေးတိုင်းမှ ဒေါ်ဝင်းသိင်္ဂီကျော်တို့ ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဝါသနာရှင်အဆင့် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲ ယှဉ်ပြိုင်မှုကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခတို့ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ကကတစ်ငါးသားပေါက် လှိုသလောက်ရမည်

ဆက်သွယ်ရန်လိပ်စာ

မင်းဇာနည်ကုမ္ပဏီလီမိတက်

အမှတ် ၄-ခ/၁၊ ကမ်းနားလမ်း၊ သောင်ကြီးတောင်ရပ်ကွက်

လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - 684181, 684182, 684183 ၊ 09-99-26205

ပရီမီယာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)

ရန်ကုန် အောက်တိုဘာ ၃၀

ပရီမီယာလိဂ်ပွဲစဉ်(၁၀)ထိ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်ယူအသင်းများ ထိပ်ဆုံးမှ ရပ်တည်နေကြသည်။ ယမန်နှစ်က အဆင့် ၁၃၊ ၁၄တို့ ရကြသော ဘာမင်ဂမ်၊ ဖူလ်ဟမ်တို့သည် အသင်းကြီးများနောက်မှ ကပ်လိုက်ထားကြသည်။ ပွဲစဉ်(၈)အထိ တန်းဆင်းဇုန်ထဲ ရောက်နေသော နယူးကာဆယ်သည် အဆင့် (၈)သို့ ခုန်တက်လာသည်။ မန်စီးတီး နှစ်ဆင့်လောက် ပြုတ်ကျပြီး စိန့် နှစ်ဆင့် ခုန်တက်လာသည်။ ပွဲစဉ်(၁၁)တွင် မည်သည့်အသင်းများ တက်လာပြီး မည်သည့်အသင်းများ အဆင့်လျော့သွားမည်ကို ဆက်လက်ရှုစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၁)ကို နိုဝင်ဘာ ၁၊ ၂၊ ၃၊ ရက်နေ့များတွင် ဆက်လက်ယှဉ်ပြိုင်ကြမည်။ နိုဝင်ဘာ ၁ ရက်နေ့တွင် အဲဗာတန်–ချယ်လ်ဆီး၊ လိဒ်စ်–အာဆင်နယ်၊ မန်ယူ–ပို့စ်မောက်၊ မစ်ဒယ်လ်ဘရို–ဝုလ်ဗာဟမ်တန်၊ နယူးကာဆယ်–အက်စတွန်ဗီလာ၊ ဆောက်သမ်တန်–မန်စီးတီး၊ တော့တင်ဟမ်ဟော့စပါး(စ်)–ဘော်လ်တန်အသင်းများ ကစားကြမည်။

နိုဝင်ဘာ ၂ ရက်နေ့တွင် ဖူလ်ဟမ်–လီဗာပူး၊ လက်စတာ–ဘလက်ဘန်းတို့ ကစားမည်။ နိုဝင်ဘာ ၃ ရက်နေ့တွင် ဘာမင်ဂမ်–ချာလ်တန် ကစားမည်။

နိုဝင်ဘာ ၁ ရက် (စနေနေ့)

အဲဗာတန်–ချယ်လ်ဆီး

စပါး(စ်)ကို သုံးဂိုးပြတ်ရှုံးပြီး စိန့်၊ ဗီလာတို့အား ဂိုးမရှိ ဆက်တိုက် သရေကျခဲ့သည်။ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံး၍ ၁၀ မှတ်ဖြင့် နံပါတ် ၁၃ နေရာမှ လိုက်နေသည်။ မန်စီးတီးကို ချယ်လ်ဆီး တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ ၂၃ မှတ်ဖြင့် ဒုတိယ နေရာတွင် ရှိသည်။ စပါး(စ်)ကို ရှုံးသော အဲဗာတန် ခြေညံ့သည်။ သို့သော် စိန့်၊ ဗီလာတို့ပွဲတွင် သင့်သည်။ ပွဲစဉ်(၇)မှ (၁၀)အထိ ချယ်လ်ဆီး သာမန်

မန်ယူမှ လူငယ်ခြေတက်လေး ရိုနယ်ဒို ဤသို့ ဖူလ်ဟမ်ဘက်သို့ ထိုးဖောက်ကြိုးစားခဲ့သော်လည်း…။

ခြေဖြင့် ကစားခဲ့သည်။ မန်စီးတီးနှင့်ပွဲတွင်သာ အနည်းငယ် ညစ်ကစားခဲ့သည်။ အဲဗာတန်နှင့် ချယ်လ်ဆီးတို့ ခြေကွာသည်။ ချယ်လ်ဆီးသာသည်။ အဲဗာတန်ကွင်းတွင် ကစားရမည်။ အဲဗာတန်သည် အိမ်ကွင်း၌ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။ အိမ်ကွင်းခြေမာသည်။ မနှစ်က နှစ်ပွဲစလုံး ချယ်လ်ဆီးနိုင်သည်။ တစ်–သုံး၊ တစ်–လေး ဖြစ်သည်။ ချယ်လ်ဆီး နိုင်ပွဲရနိုင်သည်။ သရေသာ အဲဗာတန် မျှော်လင့်နိုင်သည်။

လိဒ်စ်–အာဆင်နယ်

မန်ယူ၊ လီဗာပူးတို့ကို လိဒ်စ် ဆက်ရှုံးလာသည်။ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံးသည်။ ရှစ်မှတ်ဖြင့် အောက်ဆုံး၏ ဒုတိယဖြစ်နေသည်။ ချာလ်တန်ကို အာဆင်နယ် သရေကစားပေးခဲ့သည်။ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ရှုံးပွဲမရှိသေးဘဲ ရှိသည်။ ၂၄ မှတ်ဖြင့် ထိပ်ဆုံးမှာ ရှိသည်။ မန်ယူ၊ လီဗာပူးတို့ကို လိဒ်စ် ရှုံးသော်လည်း ခြေကောင်းသည်။ ၎င်းခြေအရ အာဆင်နယ်ကို လိုက်ကစားနိုင်သည်။ သို့သော် ကစားကွက်၊ ကျွမ်းကျင်မှုနှင့် ဖန်တီးချက်တို့ အာဆင်နယ် သာသည်။ လိဒ်စ်ကွင်းတွင် အာဆင်နယ် သွားကစားရမည်။ အိမ်ကွင်း၌ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး လိဒ်စ်ရှုံးထားသည်။ ယမန်နှစ်က တစ်ပွဲစီ နိုင်ကြသည်။ ပထမပွဲတွင် လိဒ်စ် တစ်–လေးဖြင့် ရှုံးသည်။ ဒုတိယအကျော့မှာ သုံးဂိုး–နှစ်ဂိုးဖြင့် နိုင်သည်။ ယခုပွဲကို အာဆင်နယ် အနိုင်ကစားလိမ့်မည်။

မန်ယူ–ပို့စ်မောက်

ဖူလ်ဟမ်ကို မန်ယူရှုံးသည်။ တတိယနေရာသို့ ဆင်းသွားရသည်။ ရှုံးပွဲ နှစ်ပွဲဖြစ်သွားသည်။ ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေကျသောကြောင့် ၂၂ မှတ်ရသည်။ ပို့စ်မောက်ကလည်း နယူးကာဆယ်ကို သုံးဂိုးပြတ်ရှုံးသည်။ သုံးပွဲနိုင်၊ သုံးပွဲ သရေ၊ လေးပွဲရှုံး၍ ၁၂ မှတ်မှမတက်ဘဲ ရပ်နေသည်။ ဖူလ်ဟမ်နှင့် ကစားသော ပုံစံဆိုလျှင် ပို့စ်မောက်ကို မန်ယူ တော်တော်ကစားယူရလိမ့်မည်။ ဘလက်ဘန်း၊ ဘာမင်ဂမ်၊ ချာလ်တန်တို့ကို ပို့စ်မောက် ဆက်ရှုံးသည်။ လီဗာပူးကို တစ်ဂိုး–

အနိုင်ကစားရမည့် မန်ယူ လီဗာပူးနိုင်ပွဲဆက်၊ မဆက်

အားကစားသတင်းထောက်

ဂိုးမရှိဖြင့် နိုင်ကာ နယူးကာဆယ်အား ပြန်ရှုံးသည်။ ရှေ့ပွဲများတွင် ခြေစွာခဲ့သော ပို့စ်မောက်သည် နောက်ပွဲများတွင် အရှုံးနှင့်ကြုံခဲ့ရသည်။ မန်ယူလိုအသင်းကြီး မျိုးကို ခံကစားနိုင်သောခြေ ပို့စ်မောက်မှာ ရှိသည်။ ပွဲစဉ်(၁၀)တွင် ရှုံးသော အသင်းနှစ်သင်း ဆုံကြခြင်းဖြစ်သည်။ မန်ယူက အိမ်ရှင်အဖြစ် လက်ခံကစား ရမည်။ အဝေးကွင်း၌ ပို့စ်မောက်တစ်ပွဲမှ အနိုင်မရဖူးသေးချေ။ သုံးပွဲသရေ၊ နှစ်ပွဲရှုံးထားသည်။ အာဆင်နယ်၊ ချယ်လ်ဆီးတို့နှင့် ကပ်လိုက်ဖို့ မန်ယူ အနိုင် ကစားမှဖြစ်မည့်ပွဲဖြစ်သည်။ ပို့စ်မောက် အမြင့်ဆုံး သရေအထိသာ မှန်းနိုင်သည်။

မစ်ဒယ်လ်ဘရို–ဝုလ်ဗာဟမ်တန်

စပါး(စ်)ကို ဘိုရို သရေကစားနိုင်သောကြောင့် တစ်မှတ်ထပ်ရခဲ့သည်။ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံးသည်။ ရှစ်မှတ်ဖြင့် အဆင့် ၁၇ ရောက်နေသည်။ လက်စတာက ဝုလ်ဖ်ကို ထမ်းတင်လိုက်သောကြောင့် ရလဒ်များ ကမောက်ကမ ဖြစ်ခဲ့ရသည်။ ဝုလ်ဖ်လည်း အဆင့်လေးဆင့်လောက် ခုန်တက်သွားသည်။ အဆင့် ၁၉ မှ ၁၅ သို့ ရောက်လာသည်။ ဝုလ်ဖ် နှစ်ပွဲနိုင်၊ သုံးပွဲ သရေ၊ ငါးပွဲရှုံးသောကြောင့် ကိုးမှတ်ရသည်။ စပါး(စ်)နှင့်ပွဲတွင် ဘိုရို၏ ဒုတိယပိုင်း ခြေကောင်းသည်။ ၎င်းခြေအတိုင်း ကစားမည်ဆိုလျှင် ဝုလ်ဖ်ကို အေးအေးဆေးဆေးနိုင်သည်။ ဘိုရိုခြေကိုမီရန် ဝုလ်ဖ် တစ်ဆင့်လောက်လိုသည်။ ဘိုရို ကစားအားသာသည်။ ဘိုရိုကွင်းတွင် ကစားရမည်။ ဘိုရို ကစားအား သာသည်။ ဘိုရိုကွင်းတွင် ကစားရမည့် ဝုလ်ဖ်က အဝေးကွင်း ညံ့သကဲ့သို့ ဘိုရိုကလည်း အိမ်ကွင်းညံ့သည်။ ဘိုရိုက အိမ်ကွင်း၌ လေးပွဲရှုံးပြီး ဝုလ်ဖ်က အဝေးကွင်းမှာ သုံးပွဲရှုံးသည်။ ဘိုရို နိုင်ဖို့များသည်။ ဝုလ်ဖ် သရေပဲမျှော်လင့်နိုင်သည်။

နယူးကာဆယ်–အက်စတွန်ဗီလာ

ပို့စ်မောက်ကို နယူးကာဆယ် သုံးဂိုးပြတ်ကစားခဲ့သည်။ လက်ကျန်ပွဲမှ စပြီး နယူးကာဆယ် နိုင်ပွဲဆက်လာသည်။ ဇယားရှစ်အထိ ခုန်တက်လာခဲ့သည်။ လေးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးသောကြောင့် ၁၅ မှတ်ရထားသည်။ ဗီလာ သရေပွဲများဖြင့် ကြုံနေသည်။ သုံးပွဲဆက်တိုက် သရေကျထားသည်။ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးသည်။ ၁၀ မှတ်ရသည်။ ဗီလာ ခြေမည့်။ နယူးကာဆယ်ကို ယှဉ်ကစားနိုင်သော ခြေအရည်အသွေးရှိသည်။ နယူးကာဆယ်ကွင်းမှာ ကစားရမည်။ ဗီလာ အဝေးကွင်းညံ့သည်။ လေးပွဲရှုံး၊ တစ်ပွဲသရေကျသည်။ မနှစ်က နယူးကာဆယ် တစ်ပွဲနိုင်၊ တစ်ပွဲသရေကျသည်။ တစ်–သုည၊ တစ်–တစ် ဖြစ်သည်။ ယခုပွဲတွင် နယူးကာဆယ် နိုင်ပွဲဆက်နိုင်ခြေရှိသည်။ သို့သော် ဗီလာ သရေထဲမှ ခုန်ထွက်သွားနိုင်သည်။

ဆောက်သမ်တန်–မန်စီးတီး

ဘလက်ဘန်းကို စိန့် နိုင်၍ နိုင်ပွဲတစ်ပွဲရလိုက်သည်။ လေးပွဲနိုင်၊ လေးပွဲ သရေ၊ နှစ်ပွဲရှုံးသောကြောင့် ၁၆ မှတ်ရသည်။ အဆင့် ၆ မှာရှိသည်။ ချယ်လ်ဆီးကို တစ်ဂိုး–ဂိုးမရှိဖြင့် မန်စီးတီးရှုံးသည်။ လေးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး၍ ၁၅ မှတ်ရသည်။ အဆင့်ခုနစ်တွင် ရှိသည်။ နောက်ဆုံးကစားခဲ့သော ပွဲခြေများ အရ ခြေညီကြသည်။ သို့သော် မန်စီးတီး ကစားကွက်က စိန့်ထက် ပိုကောင်းသည်။ တိုက်စစ်နှင့် ဂိုးသွင်းခြေ မန်စီးတီးမှာ ရှိသည်။ စိန့်ရှေ့တန်းမှာ တိုက်စစ်အား ပျော့သည်။ စိန့်ကွင်းတွင် မန်စီးတီး ကစားရမည်။ အိမ်ကွင်း၌ စိန့်ကောင်းသည်။ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ မနှစ်က နှစ်ပွဲစလုံး စိန့်နိုင်သည်။ နှစ်–သုည၊ နှစ်–သုည ဖြစ်သည်။ နှစ်သင်းစလုံးအတွက် အကောင်းဆုံးဖြစ်နိုင်သော ရလဒ်မှာ သရေဖြစ်သည်။

စပါး(စ်)–ဘော်လ်တန်

ဘိုရိုနှင့်ပွဲတွင် စပါး(စ်) သရေရခဲ့သည်။ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲ ရှုံးသည်။ ၁၂ မှတ်ရသည်။ မူလအဆင့်တွင် ရပ်နေသည်။ ဘာမင်ဂမ်ကို ဘော်လ်တန် ရှုံးသောကြောင့် ရှုံးပွဲတစ်ပွဲထပ်တိုးသွားသည်။ အဆင့်နှစ်ဆင့် လောက် လျော့ကျသွားသည်။ တစ်ပွဲနိုင်၊ ငါးပွဲသရေ၊ လေးပွဲရှုံးသည်။ ရှစ်မှတ်ပဲ ရသေးသည်။ ဘိုရိုနှင့်ပွဲတွင် စပါး(စ်)ခြေသည် ပုံမှန်လောက်သာ ကစားနိုင်ခဲ့သည်။ ဘာမင်ဂမ်နှင့် ကစားသော ဘော်လ်တန် ခြေရည်မှာလည်း သင့်ရုံရှိသည်။ နောက်ဆုံးပွဲများအရ စပါး(စ်)ကစားပုံက ဘော်လ်တန်ထက် ပိုကောင်းသည်။ စပါး(စ်)ကွင်းမှာ ကစားရမည်။ အဝေးကွင်း၌ ဘော်လ်တန် သုံးပွဲရှုံး၊ နှစ်ပွဲသရေကျသည်။ စပါး(စ်)က အိမ်ကွင်း၌ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးသည်။ မနှစ်က နှစ်သင်းစလုံး တစ်ပွဲစီနိုင်ကြသည်။ ပထမပွဲ၌ စပါး(စ်)က သုံး–တစ်ဖြင့် နိုင်သည်။ ဒုတိယအကျော့တွင် တစ်ဂိုး–သုညဖြင့် ရှုံးသည်။ ယခုပွဲကို စပါး(စ်)အနိုင်ရအောင် ကစားလိမ့်မည်။ ရှေ့တွင် အာဆင်နယ်က ရှိနေသည်။

မန်ယူတို့၏ အိုးထရက်ဖို့ကွင်းတွင် ဖူလ်ဟမ်မှ လီကတ်က ပွဲအစ သုံးမိနစ်မှာပင် ပထမဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။

နိုဝင်ဘာ ၂ ရက် (တနင်္ဂနွေနေ့)

ဖူလ်ဟမ်–လီဗာပူး

မန်ယူကို ဖူလ်ဟမ် သုံး–တစ်ဖြင့် နိုင်သည်။ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးသောကြောင့် ၁၈ မှတ်ရသည်။ လိဒ်စ်ကို သုံးတစ်ဖြင့် နိုင်သောကြောင့် လီဗာပူး အရှုံးထဲမှ လွတ်မြောက်လာသည်။ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲ ရှုံးသည်။ ၁၄ မှတ်ရသည်။ နှစ်သင်းစလုံး ကောင်းကြသည်။ ကစားကွက်ကောင်း ကောင်းဖြင့် လျင်မြန်စွာ ထိုးဖောက်ကစားနိုင်ကြသည်။ မြေပြင်ထိုးဖောက်မှုဖြင့် လည်းကောင်း၊ အဝေးပေးစနစ်ဖြင့်လည်းကောင်း ပူးတွဲကျင့်သုံးကစားကြသည်။ မြေပြင်ထိုးဖောက်ကစားမှုတွင် လီဗာပူးက သာသည်။ အဝေးပေးစနစ်ဖြင့် ကစားရာတွင် နှစ်သင်းစလုံးကောင်းကြသည်။ ဖူလ်ဟမ်ကွင်းတွင် ကစားရမည်။ အိမ်ကွင်းထက် အဝေးကွင်း ဖူလ်ဟမ် ပိုကောင်းသည်။ အိမ်ကွင်း၌ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ အဝေးကွင်းမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ မနှစ်က တစ်ပွဲစီနိုင်ကြသည်။ ဖူလ်ဟမ်က ပထမပွဲတွင် သုံးဂိုး–နှစ်ဂိုးဖြင့် နိုင်သည်။ ဒုတိယအကျော့တွင် နှစ်–သုညဖြင့် ရှုံးသည်။ လီဗာပူး နိုင်ပွဲဆက်ရန် အလားအလာများသည်။ အိမ်ရှင်သရေဖြစ်အောင် ကြိုးစားကစားရမည်။

လက်စတာ–ဘလက်ဘန်း

ဝုလ်ဖ်ကို လက်စတာရှုံးသောကြောင့် ငါးပွဲမြောက် ဆက်တိုက်ရှုံးခြင်း ဖြစ်သွားသည်။ နောက်ဆုံးအဆင့်သို့ ထိုးဆင်းသွားသည်။ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးသည်။ ငါးမှတ်သာ ရသေးသည်။ ဖူလ်ဟမ်နှင့်ပွဲမှစ၍ ရှုံးလာသော အရှုံးသည် ယခုထိ ဘလက်ဘန်း မရပ်သေးချေ။ လေးပွဲဆက်ရှုံးသည်။ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲရှုံး၍ ရှစ်မှတ်ရသည်။ ဝုလ်ဖ်နှင့် ကစားသော လက်စတာခြေသည် ပထမပိုင်းတွင် ကောင်းသည်။ ဝုလ်ဖ်ထက် လက်စတာ ခြေကောင်းသည်။ သို့သော် ဒုတိယပိုင်းမှာ ညံ့သွားသည်။ ဖူလ်ဟမ်၊ စိန့်၊ လိဒ်စ်တို့ကို ကစားခဲ့သော ဘလက်ဘန်း ခြေကောင်းသည်။ ကစားကွက်ရှိရှိဖြင့် တွန်းတွန်းတိုက်တိုက် ကစားနိုင်သည်။ ဂိုးသွင်းနိုင်သောခြေလည်း ရှိသည်။ ဘလက်ဘန်းက လက်စတာထက် ပိုကောင်းသည်။ လက်စတာကွင်းမှာ ဘလက်ဘန်း သွားကစားရမည်။ နှစ်သင်းစလုံးမှာ အိမ်ကွင်း၊ အဝေးကွင်း ညံ့ကြသည်။ ခြေအရကြည့်လျှင် ဘလက်ဘန်း နိုင်မည့်ပွဲဖြစ်သည်။ သို့သော် လက်စတာတွင်လည်း နိုင်ခြေရှိသည်။ သရေပွဲဖြစ်သွားနိုင်သည်။

နိုဝင်ဘာ ၃ ရက် (တနင်္လာနေ့)

ဘာမင်ဂမ်–ချာလ်တန်

ဘော်လ်တန်ကို ဘာမင်ဂမ် တစ်ဂိုးဖြင့် ထစ်ကစားခဲ့သည်။ ငါးပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးသောကြောင့် ၁၉ မှတ်ရသည်။ မန်ယူနောက်မှ ကပ်လိုက်ထားသည်။ ချာလ်တန်က အာဆင်နယ်ကို သရေကစားနိုင်ခဲ့သည်။ လေးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးသောကြောင့် ၁၅ မှတ်ရသည်။ ယခုနှစ်တွင် နှစ်သင်းစလုံး ခြေရည်ကောင်းလာကြသည်။ ချာလ်တန်ထက် ပို၍ ဘာမင်ဂမ် ခြေရည်ကောင်းသည်။ တိုက်စစ်အားကောင်းသလို ခံစစ်တွင် လုံသည်။ ချာလ်တန်တိုက်စစ်မှူးများ ဂိုးသွင်းနိုင်သလောက် နောက်တန်း ခံစစ်မှူးများက ဂိုးပေးလွန်သည်။ နှစ်သင်းစလုံး ကစားကွက်ကောင်းသည်။ ဘာမင်ဂမ်ထက် ချာလ်တန်က ပို၍ငြိမ်သည်။ မနှစ်က အထက်အောက် အဆင့်ရထားကြသည်။ အကျောမခံဘဲ ကစားကြလျှင် ပွဲကောင်းဖြစ်လိမ့်မည်။ ဘာမင်ဂမ်ကွင်းမှာ ကစားရမည်။ အိမ်ကွင်း၌ ဘာမင်ဂမ် နည်းနည်းညံ့တတ်သည်။ ချာလ်တန်မှာလည်း အဝေးကွင်းဆိုလျှင် ကောင်းသည်။ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ ယမန်နှစ်က ပထမပွဲတွင် သရေကျသည်။ ဒုတိယအကျော့၌ ဘာမင်ဂမ်က နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။ ဘာမင်ဂမ်နိုင်ပွဲ ဆက်မည့် ပွဲဖြစ်သည်။ ညှော့သည် ချာလ်တန် မရှုံးအောင် ကစားရမည်။ ချာလ်တန် သရေထိ မှန်းနိုင်သည်။ ။ **(ကြေးမုံ)**

သဟာပုညကာရီ ဆွမ်းလောင်းအသင်း စာရေးတံမဲ သပိတ်လုံးဆွမ်းလောင်းလှူ

ညောင်တုန်း အောက်တိုဘာ ၂၇

ညောင်တုန်းမြို့နယ် အမှတ်(၄) ရပ်ကွက် သဟာပုညကာရီဆွမ်းလောင်း အသင်းမှ ကြီးမှူးကျင်းပသော (၁၈) ကြိမ်မြောက် စာရေးတံမဲ သပိတ်လုံး ဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၄ နာရီက ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ညောင်တုန်းမြို့ ဈေးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩသဓာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော် အပါး ၇၅၀ နှင့် သီလရှင် အပါး ၆၀ ကြွရောက်တော်မူကြသည်။ **(ယာပုံ)**

ဆွမ်းလောင်းလှူပွဲ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေထွန်း၊ အတွင်းရေးမှူး ဦးအောင်မြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးတိတ်လွင်နှင့် အမှုဆောင်များ၊ စေတနာရှင်များက သပိတ်လုံးဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံကို စေတနာသဒ္ဓါတရား ထက်သန်စွာ လောင်းလှူကြရာ လှူဒါန်းမှုအစုစု တန်ဖိုး ကျပ်သိန်း ၅၀ ကျော်ကြောင်း သိရသည်။ **(၁၆၁)**

အောက်တိုဘာ ၁၀ ရက်က မြဝတီမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ နိုင်ငံသား အရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးအတွက် မြဝတီခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်နှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

(က-ပ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

မင်းဘူး အောက်တိုဘာ ၂၈

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာ အေးရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက (ကမ္မဋ္ဌာနာစရိယ) ဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေမန်းဦးသူရိယ ဆရာတော်သည် ၁၃၆၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်အထိ မင်းဘူးမြို့ အဖွဲ့ခွဲအမှတ်(၉၇)ရိပ်သာကြီးတွင် ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ် အလုပ်ပေးတရားတော်များကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်မည့် ယောဂီအပေါင်း အချိန်မီ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နွေစပါး အပြည့်အဝ စိုက်ပျိုးနိုင်ရေး အင်္ဂပူ၌ ရေသွင်းမြောင်း တူးဖော်

အင်္ဂပူ အောက်တိုဘာ ၁၅

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် အင်္ဂပူမြို့နယ် နွေစပါးစိုက်ဧက ၉၀၀၀ ကျော် အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီကုန်း လျှပ်စစ်ရေတင် နွေစပါးစိုက်ကွင်းတွင် ပိတ်ဆို့နေသော ရေမြောင်းများတူးဖော်ခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းရှင်းခြင်းနှင့် ရေသွင်းမြောင်းများ တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပွဲကို အောက်တိုဘာ ၁၃ ရက်က ပြုလုပ်သည်။

စုပေါင်းဆောင်ရွက်ပွဲသို့ အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ **(၁၉၁)**

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်တွင် အောက်တိုဘာ ၉ ရက်က မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာလမ်းပေါက်ဖာခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကိုကိုတို့ အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(က-ပ)

ကြေးမုံ The Mirror
မြို့နယ် သတင်းများ

JOB WATCH

(For local service only)

GRET seeks to recruit a **Chief Executive Officer** for the UNDP-funded, UNOPS-executed, GRET-implemented microfinance project in the southern Shan State. Under the supervision of GRET, s/he will be responsible for ensuring the overall direction and performance of the future microfinance institution. For that post based in Kalaw, Shan state, only applications from people with relevant experience will be considered. **Detailed terms of reference are available at GRET Yangon office.**

Please submit labor card copy and application file before 21/11/03 at the following address:

Attention: Deputy Coordinator/ Shan Project Manager, GRET Office, 24 (L) Natmauk Avenue St., Kokine, Bahan Tsp., Yangon. Ph: 540 694

ဝန်ထမ်းအလိုရှိသည်။

Peace Myanmar Electric Co.,Ltd.

၁။ **Executive Engineer, Engineer and Helper**

(1) Air-con Installation, Service, Repair
(2) Duct Fabrication & Installation
(3) Chiller Installation, Service, Repair
(4) Motor, Pump, Drill Machine Repair

- Executive Engineer (B,E mech, A.G.T.I) (MP/ MT)
- Engineer A.G.T.I (MP / MT)
- Helper

၂။ **Receptionist** (မ)

Computer Reception

Peace Myanmar Electric Co.,Ltd., Service Centre

OD Tour
Nov 7,15 Nov5, 6,14,15 Nov 7 Nov 6,15 Nov 14 Nov 14
OD Style
No 52 504808,537672

5 Nov
15 Nov
Aircon Bus, Rest, Hotel & Guide Service
378547, 381327

TODAY MART
10%
1 - 11 - 2003 မှ 14 - 11 - 2003 အထိ
NO(263) Anawrahta Road & 8th Street, Lamadaw Township, Yangon Phone: 222020

ACE Data Systems
Certificate in Software Engineering Level (2)
- C++, Advanced Java
- VBA with MS Access
- Networking concepts

9th November

Managed by BizSoft

အမျိုးသားများ(အထူးသတိပြု)

ဆီးချို သွေးချိုရောဂါ
အကြောင်း
Treasure Publishing House

Hart
မျိုးကျော့မြိုင်
လူ ဖြစ် ရ တဲ့ ဒု က္ခ
VIRUS.3.MIX
FEAT:
Blazon Shopping Centre
1.11.03 Tape,CD ထွက်ပြီ

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၅၆)နေ
(ဖိုးအော်ခေ–ဖွားစွမ်ကော်)တို့၏မြေး၊ (ဦးစောဝါ)–ဒေါ်ဖွေရာ
တို့၏တစ်ဦးတည်းသောသား
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းနှင့်ယောမင်းကြီးလမ်းထောင့်၊
အမှတ်(၂၈၄/၂၈၆)နေ ဦးအောင်လင်း–ဒေါ်ယုခင်၊
ဦးအောင်ဝင်း–ဒေါ်ယုစွန်တို့၏မောင်

မောင်စိုးဝင်း B.Sc (Zoology)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊
အမှတ်(၆၉)နေ ဦးကြည်ရွှေ–ဒေါ်ကျင်လေး (မင်္ဂလာဈေး)
တို့၏တစ်ဦးတည်းသောသမီး

မရွှေစင်အေး B.Sc (Zoology)°Q

တို့အား ၂၃–၁၀–၂၀၀၃နေ့တွင် Oriental House Restaurant၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းများအားလည်းကောင်း၊ ရပ်နီး၊ ရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့ ပစ္စည်းပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟသူငယ်ချင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စိုးဝင်း–မရွှေစင်အေး။

လက်ထပ်ပြီးစီးခြင်း

မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊
ကံ့ကော်တန်းလမ်း၊ အမှတ်(၆)နေ
(ဦးငွေထွန်း–ဒေါ်မြသန်း)တို့၏တစ်ဦးတည်းသောသား

ဗိုလ်ကြီးဝေလင်း B.Sc (D.S.A)
(ကာကွယ်ရေးဝန်ကြီးဌာန) နှင့်

ရေးမြို့၊ အစင်ကျေးရွာ၊ အောင်ဇေယျလမ်းနှင့် ရန်ကုန်တိုင်း၊
စမ်းချောင်းမြို့နယ်၊ အရှေ့ကုန်းလမ်း၊ အမှတ်(၇/၄လွှာ)နေ
(ဦးပါရှိန်)–ဒေါ်ခင်မြတို့၏သမီး

မညိုညိုဝင်း B.A (History)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၂၆–၁၀–၂၀၀၃ (တနင်္ဂနွေနေ့)တွင် ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဝေလင်း–မညိုညိုဝင်း။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း
မှ
လျှပ်စစ်စက်ဘီးများကို

အောက်ပါအတိုင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

(၁) အန္တရာယ်ကင်းရှင်းစွာဖြင့် အလွယ်တကူ အချိန်မရွေး အသုံးပြုနိုင်ပြီး တစ်ကြိမ်လျှင် (၈)နာရီခန့်အားသွင်းထားလျှင် (၂၅)မိုင်ခန့် မောင်းနှင်နိုင်ပါသည်။
(၂) ဘတ်ထရီကို အကြိမ်ကြိမ်အားသွင်း အသုံးပြုနိုင်ပြီး ဘတ်ထရီ အပိုဝယ်ယူ အသုံးပြုနိုင်ပါသည်။
(၃) ဘတ်ထရီအားကုန်သွားပါက ရိုးရိုးစက်ဘီးကဲ့သို့လည်း ခြေနင်းဖြင့် အသုံးပြုနိုင်ပါသည်။
(၄) ဓာတ်ဆီမလို၊ ငွေမကုန်၊ အသံဆူညံမှုနှင့် လေထုညစ်ညမ်းမှု မရှိစေဘဲ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ကင်းစွာ အသုံးပြုနိုင်ပါသည်။

အသေးစိတ် ဆက်သွယ် စုံစမ်းဝယ်ယူနိုင်သောနေရာများ–

*** ရုံးချုပ် ဖုန်း–၀၁–၅၆၀၆၈၇၊ ၀၁–၅၆၆၀၅၈၊ ၀၁–၅၆၆၀၅၉**
*** စက်ဘီးစက်ရုံ(ရန်ကုန်) ဖုန်း–၀၁–၂၉၀၀၂၀၊ ၀၁–၂၉၀၀၁၉**
*** စက်ဘီးစက်ရုံ(ကျောက်ဆည်) ဖုန်း–၀၆၆ ၅၀၅၃၆**
***ဝင်းသူဇာအရောင်းဆိုင်(မန္တလေး) * ဝင်းသူဇာအရောင်းဆိုင်(မိတ္ထီလာ)**
***ဝင်းသူဇာအရောင်းဆိုင်(ကျောက်ဆည်)* ဝင်းသူဇာအရောင်းဆိုင်(ပြည်)**
***ဝင်းသူဇာအရောင်းဆိုင်(ပခုက္ကူ) * ဝင်းသူဇာအရောင်းဆိုင်(ပဲခူး)**
***ဝင်းသူဇာအရောင်းဆိုင်(မုံရွာ) * ဝင်းသူဇာအရောင်းဆိုင်(မြင်းခြံ)**
***ဝင်းသူဇာအရောင်းဆိုင်(မကွေး) * ဝင်းသူဇာအရောင်းဆိုင်(မော်လမြိုင်)**
***ဝင်းသူဇာအရောင်းဆိုင်(ဖျာပုံ/မနား) *ဝင်းသူဇာအရောင်းဆိုင်(ပုဂံညောင်ဦး)**
***ဝင်းသူဇာအရောင်းဆိုင်(ပုသိမ်) * ဝင်းသူဇာအရောင်းဆိုင်(တောင်ဒဂုံ)**
***ဝင်းသူဇာအရောင်းဆိုင်(လှိုင်သာယာ) * ဝင်းသူဇာအရောင်းဆိုင်(မြောက်ဒဂုံ)။**

Sunshade
Sushade
Linpo Co.,Ltd 17A,Kabaraye Pagoda Rd.
Bahan T/S ☎ 543816, 545883, 09-80-22250

NEW MOTION TRAVELS CO., LTD.
Air Bag, Alcoco Bus, Standard Hotel, Restaurant, Medical Care, Guide Service

Nov: 15 Oct: 31 Nov: 7 Nov: 15
Nov: 5, 6, 7 Nov: 15
Ph: 725 799, 537 024

မွေးနေ့ဆုမွန်လွှာ

သမီးငယ် **နေခြည်ဖြိုးညွန့်**၏ ၃၁–၁၀–၂၀၀၃ရက်တွင်ကျရောက်သော မွေးနေ့မှသည် ဘဝတစ်လျှောက်လုံး လိုအင်ဆန္ဒ၊ သုခအဝဝပြည့်စုံနိုင်ပါစေ။

ဖေကြီး–ဗိုလ်ကြီးဖြိုးညွန့်
မာမီ–ဒေါ်ခင်စန်းရီ
မမ–ဇာခြည်ဖြိုးညွန့်
°**B.Act (Commerce), A.G.T.I (Civil)**
ကိုကို–ဗိုလ်လောင်းဖြိုးဝေညွန့်
2nd Year (Computer), D.S.A.

မင်္ဂလာဦးဆုတောင်း

ချစ်သား **မောင်မောင်ရီ (B.Com)**နှင့် **မဝင်းမာလွင် B.Com(Q) C.P.A Part(I)** တို့၏ ၂၆–၁၀–၂၀၀၃ရက် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းတစ်ရာတိုင် ပျော်ရွှင်ချမ်းမြေ့စွာ ပေါင်းသင်းနေထိုင်နိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်–––။

ချစ်ဖေဖေ–ချစ်မေမေ ဦးကူဟိုက်ရှင်း–ဒေါ်လျူကြူရင်
အစ်ကိုကြီး–ကိုရောက်ဝေ
အစ်မများ–မစန်းစန်း၊ မရင်ရင်၊ မကြိမ်းကြိမ်း။

ရွှေပုပ္ပား အဆောင့်မြင့်ခရီးသွားလုပ်ငန်း

ဆရာကြီးရာဇာဇော်ဝင်း(LL.B)၏



☎01-375822

အမည်ပြောင်းခြင်း

ဦးညွန့်ဝင်း၏သား အလက(၇) တောင်ဥက္ကလာပ၊ အဌမတန်း(A)မှ မောင်သက်ခိုင်အား မောင်ဟိန်းထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းထက်နိုင်။

ကားစီးလုံးငှားမည်
MT&K Tourism Co., Ltd
09-5082127, 09-5086937

TANDEM
CAR RENTAL
☎ 298472 / 297201
09-8030239

SUPER
CAR RENTAL
249301, 0980 21801

Fork-Lift (ဖော့ကလစ်) ရောင်းရန်ရှိသည်

Komatsu (ဓာတ်ဆီ) ၂တန် (၁)စီး
Toyota (ဓာတ်ဆီ) ၂တန် (၁)စီး
ဆက်သွယ်ရန်–
ဖုန်း–၆၀၀၂၉၈၊ ၆၀၀၂၉၉၊ ၆၀၀၁၆၇၊ ၆၀၀၃၀၇။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

လွမ်းဆွတ်သတိရခြင်း
ဒေါ်ခင်ခင်ရှိန်(ခ)ဒေါ်စောစောမြင့်
(UEARA SHEIN) B.A,Ed
အထက်တန်းပြ အထက(၂)ဒဂုံ

ကျေးဇူးရှင်အမေကြီး ကွယ်လွန်ခဲ့သည်မှာ ၃၁–၁၀–၂၀၀၃နေ့တွင် (၆)နှစ်ပြည့်ခဲ့သော်လည်း တစ်နေ့မှမေ့မရခဲ့ပါ။ အမေ့အတွက်ရည်စူးပြီး လှူဒါန်းခဲ့သမျှကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ပြီး နိဗ္ဗာန်သို့ရောက်ပါစေ။

အမှူ–အမှူ–အမှူ။
ခင်ပွန်း–ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်း(ငြိမ်း)
တပ်မတော်အင်ဂျင်နီယာကျောင်းအုပ်ကြီး(ငြိမ်း)
သမီး–ဒေါ်သန္တာ (ကထိက၊ ရုက္ခဗေဒ၊ လားရှိုးဒီကရီကောလိပ်)
သား–ဦးသန့်ဇင်ဦး။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ တိုက်(၃၀၉)၊ အခန်း(၄)နေ
(ဦးအောင်ဝင်း)–ဒေါ်ခင်အေးမာတို့၏သားကြီး

မောင်ဖြိုးဝေအောင်

နှင့်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊
ခြံအမှတ်(၃၄–ဒီ၄)နေ ဦးခင်ညွန့်(ဥပဒေအကြံပေး၊ မြန်မာယူနီဗာဆယ်ဘဏ်)
(တရားရုံးချုပ်ရှေ့နေ)–ဒေါ်ရီရီတင်(တရားရုံးချုပ်ရှေ့နေ)တို့၏သမီးကြီး

မနှင်းဟေမာန် 3rd Year (M.B.,B.S)(IM-1)
International Diploma in Computer Studies (U.K)

တို့၏ ၂၆–၁၀–၂၀၀၃ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Balloom) ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် တက်ရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ ဧည့်ပရိသတ်များနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ မေတ္တာဖြင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော စာရေးဆရာ၊ ဒါရိုက်တာ၊ တရားရုံးချုပ်ရှေ့နေ ဦးအောင်စိုးဦး၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော မြန်မာယူနီဗာဆယ်ဘဏ် ဥက္ကဋ္ဌ ဦးတင်စိန်နှင့် ဇနီး ဒေါ်နန်းခမ်းတစ်(ပ်)၊ မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးသော ဒေါက်တာဦးလှသွင်နှင့် ဇနီး ဒေါ်ဆွေဝါကြူ (စိန်လှိုင်းရတနာစိန်ဆိုင်)၊ မင်္ဂလာဝတ်စုံ၊ ဆံပင်၊ မိတ်ကပ် ပြုပြင်ပေးသော ကြယ်စင်အလှပြုပြင်ရေး (ပုလဲစင်တာ)၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ဦးစိုးညွန့်နှင့်အဖွဲ့သားများ၊ ဓာတ်ပုံရိုက်ကူးပေးသော ဦးအေးသောင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော ညီမလေးမျိုးကြာဖြူ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မလဲ့လဲ့ဝင်း၊ အဘက်ဘက်မှ ကူညီပေးသော ဒေါ်စတယ်လာကျော်ဝင်း (Director of Convention Sales, Sedona Hotel)နှင့် Sedona Hotel ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဖြိုးဝေအောင်–မနှင်းဟေမာန်။

Konica ရွှေဖြာစု
Digital Photo Studio

အကောင်းဆုံးဘွဲ့အလှပုံ
ရိုက်ချိန်
ကြိုတင်စာရင်းပေးသွင်းနိုင်ပြီ
နံနက် ၆–နာရီ မှ ည ၈–နာရီထိ

feel မြန်မာထမင်းဆိုင်
(Myanmar Food)

ကထိန်လျှာဥဏ်သက်နှစ်ဆိုသည်မှာ

ဇောတိကာ (၁)
ဇောတိကာ (၂)
ဇောတိကာ (၃)
Classic Showroom

E-mail : zawtikasales@myanmar.com.mm http : //www.zawtika.com

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆

ရန်ကုန်တိုင်းတရားရုံး

၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ်–၈၃

ဒေါ်ခင်ကြည် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မျိုးမျိုးစိုး)	**နှင့်**	၁။ **ဒေါ်ခင်ကြည်** (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မာလာစိုး) ၂။ **ဦးမြင့်စိုး**
တရားနိုင်		**တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး ၁၉၉၄ခုနှစ် တရားမကြီးမှုအမှတ်(၄၆၀)တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူ ဦးဘစိုးကျန်ရစ်ခဲ့သည့် အောက်ဖော်ပြပါ ပစ္စည်းစာရင်းတွင်ပါရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအပါအဝင် အမွေပုံပစ္စည်းများကို လေလံတင်ရောင်းချ၍ လေလံတင်ရောင်းချရငွေမှ ငွေ ၁၄၄၂၃၀၀ိ/–ကို အမှတ်(၁) တရားရှုံးသို့ ပေးအပ်စေ၍ ကျန်လေလံတင်ရောင်းချရငွေများ၏ $\frac{3}{8}$ ပုံကို တရားနိုင်က ရယူနိုင်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို ဖော်ပြပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ခြင်းခံရသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်ပါသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၈ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

လှဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈)၊
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

၁။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆အယ်လ်)+(၃၀ဘီ)၊ လူနေရပ်ကွက်ဦးပိုင်အမှတ် $\frac{၁၂၂ဘီ}{၃}$ + $\frac{၈ဒီ}{၁}$ ၊ မြေအကျယ်အဝန်း (၀ဒသမ၁၄၄) ဧကနှင့် (၀ဒသမ၄၁၇)ဧကနီးပါးခန့်ရှိသော မြေပိုင်မြေနှင့် ၎င်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်–၃၄(ဘီ)ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်များ။
(၁–တရားရှုံး လက်ရှိနေထိုင်လျက်ရှိပါသည်။)

ကြမ်းခင်းဈေး – ကျပ်သိန်း(၄၀၀၀)
လေလံတင်ရောင်းချမည့်နေ့ရက် – ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁၀ရက်
လေလံတင်ရောင်းချမည့်အချိန် – နံနက် (၁၀)နာရီ
လေလံတင်ရောင်းချမည့်နေရာ – ယင်းပစ္စည်းတည်ရှိရာအရပ်

၂။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၄စီ လူနေရပ်ကွက် ဦးပိုင်အမှတ်–၈(အိုင်)^{၁} နှင့် ၈(ဘီ)^{၆}၊ စုစုပေါင်း မြေအကျယ်အဝန်း(၀ဒသမ ၃၀၂)ဧကရှိသော မြေပိုင်မြေနှင့်တကွ ၎င်းမြေပေါ်ရှိ ရန်ကုန်မြို့၊ တာမွေ မြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်–၂၄၈(ဘီ)ဟုခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်များ။
(၁–တရားရှုံး၏သား၊ ဦးစိုးထွဋ်လက်ရှိနေထိုင်လျက်ရှိပါသည်။)

ကြမ်းခင်းဈေး – ကျပ်သိန်း(၂၅၀၀)
လေလံတင်ရောင်းချမည့်နေ့ရက် – ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁၁ရက်
လေလံတင်ရောင်းချမည့်အချိန် – နံနက် (၁၀)နာရီ
လေလံတင်ရောင်းချမည့်နေရာ – ယင်းပစ္စည်းတည်ရှိရာအရပ်

၃။ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅ဒီ^{၁})၊ လူနေရပ်ကွက်ဦးပိုင်အမှတ်(၂၄)၊ မြောက်ဘက်အစိတ်အပိုင်း၏ တတိယတန်းစား (၂၄)၊ မြေအကျယ်(၁၂'–၄")နှင့် (၂၅'–၄")အကျယ်အဝန်းရှိသောမြေနှင့် ၎င်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ အမှတ်(၈၄)ဟု ခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်များ။
(ယင်းအဆောက်အအုံရှိ အိမ်ခန်း (၆)ခန်းစလုံးတွင် အိမ်ငှားများရှိပါသည်။)

ကြမ်းခင်းဈေး – ကျပ်သိန်း(၃၀၀)
လေလံတင်ရောင်းချမည့်နေ့ရက် – ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁၂ရက်
လေလံတင်ရောင်းချမည့်အချိန် – နံနက် (၁၀)နာရီ
လေလံတင်ရောင်းချမည့်နေရာ – ယင်းပစ္စည်းတည်ရှိရာအရပ်

အမည်ဖြည့်စွက်ခြင်း

မှတ်ပုံတင်အမှတ် [၁၂/လသန(နိုင်)၀၀၅၁၅၆] (ဘ) ဦးကျော်သိန်း၏သမီး မမိုးကေသွယ်အား မမိုးကေသွယ်လင်းဟု ဖြည့်စွက်ခေါ်ပါရန်။

မမိုးကေသွယ်လင်း။

အမည်ပြောင်း

အထက သုံးဆယ် VIAမှ အဘ ဦးသန့်စိုး၏သမီး အေးလဲ့သန္တာဦးအား အေးမေတ္တာထွန်းဟုပြောင်းလဲခေါ်ပါရန်။

မအေးမေတ္တာထွန်း။

TOP 243363 705877

MCC STANDARD Computer Centre
☑ Basic Windows Course
☑ D.T.P Course, Graphic Design Course
☑ Web Design Course, E-mail & Internet Course
☑ Computerized Accounting Course, Programming Courses

သွေးမကြာခဏသွင်းရသော ဝေဒနာရှင်များဝမ်းမြောက်ဖွယ်

လက်ရှိကုသမှုခံယူလျက်ရှိသော လူနာ(၁၃၀)ယောက်အနက် (၁၂၁)ယောက် သွေးသွင်းနှုန်း တဖြည်းဖြည်းလေလာခြင်း (သို့မဟုတ်)လုံးဝသွေးမသွင်းရတော့ဘဲ တဖြည်းဖြည်းကျန်းမာရွှင်လန်း၍ ရောဂါများသန့်စင်ပျောက်ကင်းကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။ အထက်ပါလူနာရှင်များနှင့်လည်း သွားရောက်ဆွေးနွေးနိုင်ပါသည်။

မည်သည့်ရောဂါမဆို လာရောက်ဆွေးနွေးနိုင်ပါသည်။ သင်စိတ်ကျေနပ်မှုရှိမှ ကုသမှုခံယူပါ။
စာဖြင့်ဆက်သွယ်မေးမြန်းနိုင်ပါသည်။
ဆရာဦးလှမင်းစိန် (ဟိုမီယိုပက်သစ်ဆေးတိုက်)
အမှတ်(၅၈၁/က ခ)၊ ယုဇနလမ်း၊ ပေါက်တောဝ၊ အင်းစိန်၊ ရန်ကုန်မြို့။
လမ်းညွှန်–ပေါက်တောဝမှတ်တိုင်ဆင်း၊ အောင်ဇေယျတံတားဘက်လျှောက်၊ စစချင်းတွေ့သော ဘယ်ဘက်လမ်းထိပ်တွင် ဆိုင်းဘုတ်ကိုကြည့်။
ဖွင့်ချိန် –နံနက် ၉း၀၀နာရီမှ ညနေ ၅း၀၀နာရီထိ
ပိတ်ရက် –တနင်္ဂနွေ။

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

အမြန်ရောင်းမည်

ဟုမ်းလမ်း၊ (၄)လွှာ၊
15'x50'
ဖုန်း–၇၀၇၈၀၂၊ ၂၁၀၉၉၂
၀၉–၅၀၀–၄၈၉၆။

RUBY Car Rental 725317, 650823

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်အုန်းကြည်(၇၉)နှစ်

(ရန်ကင်း)

ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်သက်မြိုင်(ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန)တို့၏မိခင် ဒေါ်ခင်အုန်းကြည်သည် ၂၈-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ၊အဖွဲ့ဝင်များနှင့်ဝန်ထမ်းမိသားစု
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

ကျေးဇူးတင်ရှိခြင်း

၂၁-၁၀-၂၀၀၃(အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော မောင်တင်ထူးအောင်(ခ)ဖိုးထောင်(ဘားအံ)၏ ဈာပနကိစ္စနှင့် ရက်လည်ဆွမ်းကျွေးကိစ္စများတွင် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီကြသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်းမိတ်သင်္ဂဟများအား လည်းကောင်း၊ တယ်လီဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့သော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းဝေ(ခ)ဦးအင်းဟုတ်

အသက်(၇၄)နှစ်

(ပုသိမ်)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၁၅)လမ်း အရှေ့၊ အမှတ်(ခ/၆၈)နေ ဒေါ်အမာကြည်၏ခင်ပွန်း၊ (ဒေါ်ကျင်စော)၊ ဦးအင်းစွန်-ဒေါ်ကျင်ငွေတို့၏ ညီ/မောင်၊ ဦးစိုးမြင့်၊ ဦးအေးနိုင် - (ဒေါ်မာမာလေး)တို့၏ အစ်ကို၊ ဦးစိုးနိုင်-ဒေါ်ချိုချိုဝင်း၊ ဦးဝင်းနိုင်-ဒေါ်စန်းစန်းယု၊ ဦးစိုးပိုင်-ဒေါ်မာမာဆွေ၊မငြိမ်းအိလှိုင်တို့၏ ဖခင်သည် ၃၀-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၀၃(စနေနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တင်ယဉ်ထွေး(ခ)ကိုတင်ထွေး

အသက်(၄၁)နှစ်

(သံဖြူဇရပ်၊ ဗဟိုစည်)

တင်ထွင့်(ဆံပင်၊မိတ်ကပ်အလှပြုပြင်ရေး)

ရန်ကုန်မြို့၊ ဗဟိုစည်အိမ်ရာ၊ တိုက်(၃၇)၊ အခန်း(၂၀)နေ ဦးသန့်ဇင်-ဒေါ်ချစ်မေတို့၏သား၊ ဒေါ်တင်တင်မူ-(ဦးခင်မောင်ဦး)၊ ဒေါ်မြင့်မြင့်သိန်း-ဦးသောင်းရီ၊ (ဦးရွှေသွင်)၊ မီကို(ခ)ကျော်တို့၏ မောင်၊ မနန်းခင်သန်းဦး၊ မခင်သန်းဦး၊ မစန်းစန်းညို-ကိုတင်ဝင်း၊ မောင်မျိုးကိုကို၊ မဖြူဖြူဝင်း-ကိုဝင်းကျော်သူရ၊မမီမီဇင်တို့၏အစ်ကို၊ တူ၊တူမ ၁၅ယောက်တို့၏ဦးလေး တင်ယဉ်ထွေး(ခ)ကိုတင်ထွေးသည်၂၉-၁၀-၂၀၀၃(ဗုဒ္ဓဟူးနေ့) ည၁၀း၅၀နာရီတွင် ကွယ်လွန်ပါ၍ ၃၁-၁၀-၂၀၀၃ (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(ယုဇနဥယျာဉ် မြို့တော်နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Taang Pum Mun Ban

အသက်(၇)နှစ်

ဒုတိယတန်း(A)

အမက(၁၄) တာဟန်း၊ ကလေးမြို့

စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (Pu Lian Pum) Pi Goih Za Niang တို့၏ ချစ်လှစွာသောမြေး၊ Pa Go Lian Mung, Nu Niang Khawm Lunတို့၏ ချစ်လှစွာသောသားကြီး၊ Lia Niang Sian Hon၏ မောင်၊ (Taang Thang Sian Lim Nuam)၏အစ်ကိုသည် ၃၀-၁၀-၂၀၀၃ရက် နံနက် ၈း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂-၁၁-၂၀၀၃ရက်ညနေ၃နာရီတွင် တာဟန်းနှစ်ခြင်းခရစ်ယာန်သင်္ချိုင်း၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစိုးတင့်(၆၅)နှစ်

လ-၅၆၄၀၄၊ ဖောင်ကြီးတော(၃)

ဒုရဲမှူး(ငြိမ်း)၊ သတင်းတပ်ဖွဲ့

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာ(၆)လမ်း၊ အမှတ်(၇၇၀)နေ (ဦးလှဖေ-ဒေါ်ပေါကြွယ်)တို့၏ သား၊ ဒေါ်မူမူ၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်အောင်၏ညီ၊ ဒေါ်မြငွေ၏ အစ်ကို၊ ဒုရဲအုပ်ကျော်ဇေယျ(သတင်းတပ်ဖွဲ့)၊ ဒေါ်ခင်မိမိခိုင်၊ မဥမ္မာစိုး(ဒဂုံတောင်၊စည်ပင်၊ ရေ/သန့်)၊ မခင်ယုဆွေ (Myanmar VES)၊ မလှဲ့လှဲ့သင်း(အင်းစိန်ဆသရငွေစာရင်း)၊ မောင်မိုးမင်းဟိန်း(ခေတ္တ-စင်ကာပူ)တို့၏ မွေးသဖခင်၊မနေခြည်ဦး၊မောင်ထက်ဝေယံတို့၏ဘိုးဘိုးကြီးသည် ၂၉-၁၀-၂၀၀၃ ရက် နံနက်၀၀း၅၅နာရီတွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဆေးရုံ၌ ကွယ်လွန်ပါ၍ ၂-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ယဉ်ယဉ်(ခ)

Daw Ma Ring

အသက်(၃၇)နှစ်

ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ စာလ်ထောင်ကျေးရွာနေ ဦးဝုန်ထန်း(ကျောင်းအုပ်အငြိမ်းစား)-(ဒေါ်ဆွေဒါ) တို့၏ပဌမမြောက်သမီး၊ တကက U Dong Thing မော်ဘီ၏ ချစ်လှစွာသောဇနီး၊ မစန္ဒာထိုက်၊ မောင်သိန်းထိုက်၊ မောင်မင်းပိုင်ထွန်းတို့၏ မိခင်ကြီး Daw Sung Thlui (Daw Ngun Hniang, U-INN Khe)၊ (U Van Oke-Daw Dar Dar)၊ U Van Maung တို့၏ညီမ၊ (U Za Ni, Daw Dar Than) ၊ (U Ral Bawi-Daw Shwe Men)တို့၏တူမ၊ U Van Cin (B.A) ခေတ္တ-စင်ကာပူ U Van Bik၊ Daw Paw Paw၊ U Thlai Lei,U Zun Hu၊ Daw Sui Di, U Soe Aung, Daw Thein Thein, U Daw Lian တို့၏ အစ်မ ဒေါ်ယဉ်ယဉ်သည် ၂၅-၁၀-၂၀၀၃ရက် ညနေ ၆း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁-၁၁-၂၀၀၃(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သင်္ချိုင်းတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(အမှတ် ၉၂၊ သုခမ္မော လမ်း၊ ၄-ရပ်ကွက်၊မ/ဥက္ကလာပမြို့၊ ဦးအင်ခဲ နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အများသိစေရန်ကြေညာခြင်း

[illegible]

LL.B, DBL, DML

[illegible]

ဒေါ်စိမ်းမြ အသက်(၉၀)

(လယ်ဝေး)

မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်၊ ခရမ်းကိုင်းကျေးရွာနေ ဦးမင်းဒင်-ဒေါ်ပုတို့၏ သမီး၊ ဦးခင်-ဒေါ်တင်တင်တို့၏ ချွေးမ၊ (ဦးမောင်ကို)၏ ဇနီး၊ ကျောင်းကုန်းကျေးရွာနေ(ဦးမောင်မောင်ကြီး)-ဒေါ်အုန်းရွှေ၊ ရန်ကုန်မြို့နေ ဦးမောင်မောင်လေး-ဒေါ်သီသီနွယ်တို့၏ မိခင်၊ မြေးခြောက်ယောက်၊မြစ်သုံးယောက်တို့၏ ဘွားဘွားကြီး ဒေါ်စိမ်းမြသည် ၃၀-၁၀-၂၀၀၃(ကြာသပတေးနေ့) ညနေ၄း၅၅ နာရီတွင် အမှတ်(၄၀)၊ သမိုင်းဘူတာရုံလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်တွင် ကွယ်လွန်ပါ၍၁-၁၁-၂၀၀၃ (စနေနေ့) မွန်းတည့် ၁၂နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မရမ်းကုန်းနေအိမ်မှကားများ နံနက်၁၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငွေမေ (၈၁)နှစ်

(ကျောက်တော်)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၂၀)၊ အခန်း(၂၈)နေ (ဦးသာလှအောင်-ဒေါ်နှင်းယဉ်)တို့၏ သမီး၊ ဦးဘတင်(ဆက်သွယ်ရေး အင်ဂျင်နီယာ-ငြိမ်း)၏ ဇနီး၊ဦးအောင်သန်းဦး-ဒေါ်ယုဇန၊ဦးထွန်းထွန်း(ပြည်ပ၊ဆသရ)-ဒေါ်ခင်လေးတင် (ပြည်ပ/ဆသရ)တို့၏ မိခင်၊ ဒေါက်တာအောင်ခိုင်ဇံ-ဒေါက်တာကလျာ၊ ကိုအောင်ခိုင်ဇော်၊ မအင်ကြင်းစံ၊ မအိရွှေစင်ထွန်းတို့၏ အဘောင်ရင်၊ မေကံ့ကော်၏ အဖီးရင်သည် ၃၀-၁၀-၂၀၀၃ရက် မွန်းတည့်၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၀၃ (စနေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်အုန်းကြည်(၇၉)နှစ်

(ရန်ကင်း)

ဦးခင်မောင်မြင့်(ညွှန်ကြားရေးမှူးချုပ်၊ဝန်ထမ်းရေးရာဦးစီးဌာန) - Dr. ခင်သက်မြိုင်(ဒု-ညွှန်မှူး၊ ရန်ကုန်တိုင်း၊ ကျန်းမာရေးဦးစီးဌာန)တို့၏ မိခင် ဒေါ်ခင်အုန်းကြည်သည် ၂၈-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်းသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့်
ဝန်ထမ်းများ၊ရန်ကုန်တိုင်း။

ဒေါ်စန်း(ခ)ချောင်အွယ်ကုတ်

အသက်(၆၂)နှစ်

(တပ်ကုန်း)

တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်နေ ဒေါက်တာဝင်းလတ်၏ဇနီး၊ မစန်းစန်းဝင်း၊ကိုမောင်သန်း-မနီနီဝင်း၊ ကိုရန်နိုင်ဝင်း၊ ကိုထွန်းထွန်းဝင်း-မဌေးလှိုင်၊ မဖြူဖြူဝင်း၊ မောင်အောင်နိုင်ဝင်း-မအေးစန္ဒာ၊မလှဲ့လှဲ့ဝင်းတို့၏ မွေးသမိခင်၊ မြေး၁၁ယောက်တို့၏အဘွားဒေါ်စန်း(ခ)ချောင်အွယ်ကုတ်သည် ၃၀-၁၀-၂၀၀၃ ရက် နံနက် ၆း၁၅ နာရီတွင် ရန်ကုန်မြို့၊ အာရုတော်ဝင်ဆေးခန်း၌ ကွယ်လွန်ပါ၍၁-၁၁-၂၀၀၃(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ကွမ်းတုန်တရုတ်သုသာန်တွင် သင်္ဂြိုဟ် ပါမည်။ [ရန်ကုန်မြို့၊လမ်း(၅၀)၊ တိုက်(မ-၁၈၂-၁၈၄)၊(၈)လွှာမှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးကြည်

အသက်(၄၅)နှစ်

ဆလက(ရုံးချုပ်)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄၅၁/E)၊ပြည်လမ်းနေ ဦးမင်းသူရ-ဒေါ်ခင်ကြည်တို့၏ သမီးလတ်၊ (ဦးကျော်ထွန်း)၏ ဇနီး၊ ဦးဝင်းမြင့်-ဒေါ်သက်သက်ကြည်(ရန်ကုန်သန်လျင်တံတား အမှတ်-၂၊စီမံကိန်း)၏ ညီမ၊ ဦးမြဦး(ခေတ္တ-မလေးရှား)-ဒေါ်လွင်လွင်ကြည်၊ ဦးတေဇာထွန်းတို့၏ အစ်မ၊ မဝေလှိုင်ဖူး (III-A၊ အထက-၁၊ ကမာရွတ်)၏ ချစ်လှစွာသောမိခင်၊ မောင်သက်ထူးဇော်၊မအိန္ဒြာဦး၊ မသက်ထားစုတို့၏ ချစ်လှစွာသောအဒေါ်သည် ၃၀-၁၀-၂၀၀၃ရက် ည၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊ရဟန်း၊ဒါယိကာမကြီး

ဒေါ်လှတင် အသက်(၈၀)

(ရေလဲကြီး၊ လေးထပ်ပိုင်း၊ဓနုဖြူမြို့)

ဓနုဖြူမြို့၊ ရေလဲကြီးကျေးရွာနေ ဦးအောင်မှင် - ဒေါ်သင့်တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၈၅၀)၊ ရတနာလမ်း၊ ဆ/ခရပ်ကွက်၊ သဃ်ာန်းကျွန်းနေ (ဦးတင်မြ)၏ ဇနီး၊ ဒေါက်တာဦးလေးအောင်(မြို့နယ် ဆရာဝန်ကြီး၊ ယင်းမာပင်မြို့၊ စစ်ကိုင်းတိုင်း)-ဒေါက်တာ ဒေါ်ခင်ခင်ထွန်း (ပြည်သူ့ဆေးရုံ၊ ယင်းမာပင်မြို့၊ စစ်ကိုင်းတိုင်း)၊ ဦးသန်းမြင့်-ဒေါ်ဝင်းကြည်ရွှေ(သူနာပြုဆရာမကြီး၊အလုပ်သမားဆေးရုံ၊ ရန်ကုန်)၊ ဦးတင်ညို၊ ဦးခိုင်စိန်-ဒေါ်သိန်းသိန်းမြင့်(အထက-၅၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်ရင်မြ(ဘူမိဗေဒဌာန၊ ဟသ်ာတ တက္ကသိုလ်)တို့၏ မိခင်၊ မြေးကိုး ယောက်တို့၏အဘွားသည် ၂၉-၁၀-၂၀၀၃ရက်တွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၃၁-၁၀-၂၀၀၃(သောကြာနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း

ဦးဘကျော်

အသက်(၇၇)နှစ်

ကုန်သွယ်ရေး(စား/ထွေ၊ငြိမ်း)

အသင်းနာယက ဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း)၏အစ်ကို၊ရွှေပြည်သာမြို့၊ အကွက်(၃၁)၊ အမှတ်(၂၁၈)၊ ပြည်ထောင်စုလမ်းနေ (ဦးဘိုးကြင်-ဒေါ်နု)တို့၏ သား၊ ဒေါ်ဝင်းရင်၏ ခင်ပွန်း (ရာ/အသင်းဝင်) ဦးဘကျော်သည် ၂၇-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၉-၁၀-၂၀၀၃ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဦးညွှန့်ဝေ(ခ)ဦးကျောက်ခဲ

အသက် (၅၂)နှစ်

ဆေး/ငြိမ်း(ရပ်ကွက်) ကြည့်မြင်တိုင်

ရတနာပုံအုတ်၊သဲ၊ကျောက်ရောင်းဝယ်ရေး

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်နေ (ဦးခင်မောင်-ဒေါ်သွယ်)တို့၏ သား၊ ဦးအောင်ခင်-(ဒေါ်သောင်းမြင့်)၊ ဦးခင်မြ-ဒေါ်သောင်းဝင့်တို့၏မောင်၊ ဦးထွန်းအောင်-ဒေါ်ရင်မြတို့၏ဦးလေးသည်၃၀-၁၀-၂၀၀၃ရက် ညနေ ၆နာရီတွင် အနောက်ပိုင်းဆေးရုံ (ကြည့်မြင်တိုင်)၌ ကွယ်လွန်ပါ၍ ၁-၁၁-၂၀၀၃ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၅၆ ကမ်းနားလမ်းနှင့် တောလမ်းထောင့် နေအိမ်မှကားများမွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

စောမူးဒေ (၄၄)နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း

စက်မှုအင်ဂျင်နီယာဌာန

သိမ်ဖြူသင်္ဘောကျင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၄၀)၊ တောင်သူကုန်း၊ ဒေါ်လဝင်းလမ်းနေ (ဦးအုန်းတင်-နော်အဝါ)တို့၏ သားကြီး၊ စောတာမလာခူ-နော်စန္ဒာအောင်၊ နော်ခူဖော၊ နော်ဖောခူ-ဦးသန်းဌေး၊နော်လားမေ-စောဟံသာရွှေ၊ စောယူလီး၊ နော်လားခလီး၊ စောသလေးထူး၊ နော်ခလီးထူးတို့၏ အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂၉-၁၀-၂၀၀၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၃၀-၁၀-၂၀၀၃ရက် KBCကရင်နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးကရင် ခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အောင်မျိုးထွေး (၂၉)နှစ်

B.E. (Aeronautical)

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၁၀)နေ ဦးအုန်းကြိုင်-(ဒေါ်စဝ်မြငြိမ်း)တို့၏ သားထွေး၊ ဒေါ်တင်မကြိုင်(အထက-၄၊ တောင်ကြီး)၊ မောင်မျိုးမင်း(RCL)၊ မခင်မိုးမိုးကြိုင် (UEC)တို့၏ညီ/မောင်၊ဦးဘုန်းမြင့်-ဒေါ်ခင်နွဲ့ရီ၊ Dr. မောင်မောင်လေး-Dr.နုနုခင်၊ ဦးတင်မောင်-ဒေါ်စဝ်မြသိန်းတို့၏ တူသည် ၂၉-၁၀-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်-၉၇၊ စီ-၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်း နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ဒါယိကာမကြီး

ဒေါ်ကျင်မြိုင် (၇၉)နှစ်

(သဃ်ာန်းကျွန်း)

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ ရတနာမဥ္ဇူလမ်း၊ အမှတ်(၇၂)နေ (ဦးအောင်ဖိုး-ဒေါ်ရွှေလှိုင်)တို့၏သမီး၊ (ဦးလှဟန်)၏ဇနီး၊ ဦးကျော်သောင်း UNICEF- (ယခင် သမ/အိမ်တွင်းမှုဦးစီး) - ဒေါ်နွဲ့နွဲ့ရီ (အထက-၁၊သဃ်ာန်းကျွန်း)၊ ဒေါ်ကြည်ကြည်ဝင်း(အထက-၁၊ သဃ်ာန်းကျွန်း)၊ ဒေါ်မြင့်မြင့်ဝင်း (အာရှရန်ကုန်ဘဏ်) တို့၏မိခင်၊ မောင်အောင်ဖြိုးကျော် (2MB ဆေး-၂/DC .Star Cruise Singapore)၊ မယမင်းကျော် (အထက-၁၊ သဃ်ာန်းကျွန်း) တို့၏ အဘွားသည် ၃၀-၁၀-၂၀၀၃(ကြာသပတေးနေ့) နံနက် ၈း၂၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးသန်း

အသက်(၇၅)နှစ်

(ချောက်)

ရေနံချောင်းမြို့နယ်၊ ရွှေတုတ်ကန်ရွာနေ (ဦးကျော်-ဒေါ်လှရင်)တို့၏ သမီး၊ ချောက်မြို့ ဗဟိုကွက်သစ်ရပ်၊ အမှတ်(၇၈)နေ (ဦးစိန်ထွန်း)၏ ဇနီး၊ ရန်ကုန်မြို့၊ အမှတ်(၈၄)တမာလမ်း၊ သန်လျင်တံတား စီမံကိန်းအိမ်ရာဝင်း၊ သာကေတမြို့နယ်နေ ဦးရဲမြင့်-ဒေါ်ယဉ်ယဉ်နွဲ့ (အထက-၂၊ ဒဂုံ)၊ ဦးမြင့်အောင်၊ မနုနုအေး၊ ဦးစောလွင်-မနှင်းအိအောင်၊ ဦးအေးသောင်း-မဌေးဌေးဦးတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွား ဒေါ်အေးသန်းသည် ၂၉-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်း
ဒါယိကာမကြီး

ဒေါ်ခင်ခင်ယု (ခ) ဒေါ်ယု

အသက် (၅၅)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးကျော်သောင်း-ဒေါ်လှရင်၊ ဒေါ်သန်းမြ တို့အားအမှူးထား၍ (ဦးကံ-ဒေါ်မြရင်)တို့၏ သမီး၊ (ဦးဖေရီ-ဒေါ်နွဲ့)တို့၏ သမီးချွေးမ၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်သိပ္ပံလမ်းနေ၊ ဦးစိုးလွင်-ဒေါ်ဌေးဌေးလွင်၊(၃)ရပ်ကွက်နေ ဦးပိန်-ဒေါ်အုန်းရင်တို့၏ ညီမ၊ ဒဂုံမြို့နယ်နေ ဦးကျော်ကျော်-ဒေါ်ဖြူဖြူ၊ လှိုင်မြို့နယ်နေ ဦးစိုးဝင်း-ဒေါ်အေးအေးငြိမ်း၊ လှိုင်သာယာမြို့နယ်နေဦးသိန်းထွန်း-ဒေါ်စမ်းယုတို့၏ အစ်မ၊မစုလင်းအောင်(ဒုတိယနှစ်၊ဥပဒေ)၏ ကျေးဇူးရှင်မွေးသမိခင်၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပီတောက်ရိပ်ငြိမ်(၂)လမ်း၊ အမှတ်(၁၃)နေ ဦးအောင်မြင့် (AUGRIES SHIPPING) ၏ ချစ်လှစွာသောဇနီးသည် ၂၉-၁၀-၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ဒါယကာကြီး

ဦးမျိုးအောင်(ခ)

လျှိုဝေချောင်း (ခ)အားတီ

အသက်(၅၅)နှစ်

မော်လမြိုင်ပွဲစစ်ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊ အမှတ်(၂၃)နေ ဒေါ်ယဉ်နု၏ခင်ပွန်း၊ဦးအောင်ထွတ်(ဂုဏ်ထူးဆောင် ကထိက-ငြိမ်း၊အရှေ့တိုင်းပညာဌာန)-ဒေါ်စန်းမြင့်၊ ဗိုလ်မှူးကြီး ဝေလင်း-ဒေါ်နုနုရီဒေါ်မိမိချစ်တို့၏အစ်ကို/ မောင်၊ မထက်ထက်ဝင့်အောင်(မြန်မာနိုင်ငံဘဏ်များအသင်း)၊ မခက်ခက်ပွင့်အောင် (P.M Co.Ltd)၊ မောင်မျိုးသော်ဇင် (ToYo Battery) တို့၏ ဖခင်၊ တူ၊တူမ ခြောက်ယောက်တို့၏ဘကြီး၊ဦးလေးသည် ၂၉-၁၀-၂၀၀၃ရက်တွင်နေအိမ်၌ကွယ်လွန်သွားပါ၍၃၁-၁၀-၂၀၀၃(သောကြာနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေး တိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ဘေဘီ (မစ္စစ်လှဖေ)

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁ရပ်ကွက်၊ ဇလမ်း၊အမှတ်(၄၉၇)နေ (ဦးလှဖေ)၏ဇနီး၊ (ဒေါ်ဘားနစ်ဖေ-ဦးတင်အေး)၊ (ဒေါ်နော်မာဘရော့)၊ ဦးဟယ်ရီဘရော့၊ ဦးနယ်လ်ဆင်လှဖေ-ဒေါ်ဗွိုနီးလီးယား၊ ဒေါ်မာလာဖေ၊ ဒေါ်သူဇာဖေ-ဦးမြင့်ဆွေတို့၏ မွေးမိခင်ကြီး၊မြေး၁၀ ယောက်၊မြစ်လေးယောက်တို့၏အဘွားသည် ၃၀-၁၀-၂၀၀၃ရက် (ကြာသပတေးနေ့)မွန်းလွဲ၂း၁၈နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁-၁၁-၂၀၀၃(စနေနေ့)မွန်းတည့်၁၂ နာရီတွင်အမှတ်(၆၈)၊ဦးဝိစာရလမ်း၊သတ္တမနေ့ဥပုသ်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းလွဲ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ရွှေ(ခ)ဦးဝင်းထွန်း

အသက်(၇၃)နှစ်

(ပဲခူး)

ပဲခူးမြို့၊ ကျိုက်ပဒိုင်ရွာလေးနေ (ဦးအုန်းမောင် - ဒေါ်သိန်းညွှန့်)တို့၏ သား၊(ဦးကျော်မောင်)၏ညီ၊ ဒေါ်စောမြင့်၊ (ဒေါ်စောကြည်)တို့၏ မောင်၊ (ဦးထွန်းလှိုင်)-ဒေါ်တင်ရီ (ပစ်တိုင်းထောင်ဆေးတိုက်၊ ပဲခူးမြို့)တို့၏ အစ်ကို၊ ဒေါ်အေးအေးမူ၊ ဦးသန်းဝင်း-မချို၊ ဦးအေးဝင်း၊ ဦးရဲဝင်း-ဒေါ်နီနီအောင်၊ ဗိုလ်မှူးသောင်းနိုင်-ဒေါ်မြင့်မြင့်စန်းတို့၏ ဘကြီးသည် ၃၀-၁၀-၂၀၀၃ရက်တွင် တိုက်(၂)၊ အခန်း(၁၀၉)၊ ဣန္ဒိတံအိမ်ရာ၊ သဃ်ာန်းကျွန်းမြို့နယ်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယကာ

ဦးထွန်းလူ

အသက်(၆၄)နှစ်

သရဖူထွန်းထွန်းစက်မှုလက်မှု

ဒေးဒရဲမြို့နယ်၊ တမာတကော ကျေးရွာနေ (ဦးသန်းမောင်-ဒေါ်သွယ်)၊ (ဦးအေးမင်း-ဒေါ်ခင်နု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊တိုက်(၁၁)၊ အခန်း(၇)နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးမြင့်အောင်(ဒဂုံတက္ကသိုလ်၊အား/ကာ)-ဒေါ်စိုးစိုးဦး (ထွေ/အုပ်၊ကမာရွတ်)၊ ဦးကျော်ထွန်းလွင်-ဒေါ်တင်တင်နွယ်၊ (ကိုကျော်ဇေယျ)-မစန်းစန်းမော်၊ ကိုဇော်ဇော်မျိုး-မဝေမျိုးလွင်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၉-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၃၁-၁၀-၂၀၀၃(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လှ

အသက်(၄၉)နှစ်

ထိပ်တန်းအထည်ဆိုင်

(ကြည့်မြင်တိုင်ညဈေး)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းမြောက် (အရှေ့)ရပ်ကွက်၊ အထက်ဌာနာလမ်း၊ အမှတ်(၇၆)နေ (ဦးလှအောင်)-ဒေါ်ရီတို့၏ သား၊ ဦးအောင်မြင့်-ဒေါ်စန်းမြင့်တို့၏ သားသမက်၊(ဦးအောင်သန်း)-ဒေါ်အေးသန်း၊ ဦးမြတ်စိုး-(ဒေါ်တင်ရီ)၊ ဦးတိုးမြင့်-ဒေါ်အေးသိန်း၊ (ဦးကြည်ဝင်း)၊ ဦးစန်းမောင်-ဒေါ်မူမူတို့၏ညီ/မောင်၊ ဦးမောင်မောင်အောင်-ဒေါ်မြင့်မြင့်ကြည်၊မသီတာအောင်တို့၏ အစ်ကို၊ ဒေါ်ဖြူဖြူအောင်၏ခင်ပွန်း၊ မောင်ဖွဲ့လင်းပြည့် (T.T.C)၊ မောင်ပိုင်စိုးညီ (T.T.C)တို့၏ ဖခင်သည် ၂၉-၁၀-၂၀၀၃ရက်နံနက်၆း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၀၃ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးဇာနေယျ

(ဦးဘစန်းအောင်)

သိက္ခာတော်(၅)ဝါ၊

သက်တော်(၆၅)နှစ်

(ကျောက်ပန်းတောင်း)

ကျောက်ပန်းတောင်းမြို့နယ်၊ကြက်မောက်တောင်ကျောင်းဆရာတော် ဦးဇာနေယျ (ဦးဘစန်းအောင်၊ဆေးနှင့်ဆေးကိရိယာ၊ငြိမ်း)သည် ၃၀-၁၀-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၆း၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို(၃၀-၁၀-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဆရာတော်အားရည်စူး၍ ၅-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အမှတ် (၁၀၂-၁၀၆)၊ (၂၉)လမ်း၊ ပန်းဘဲတန်းမြို့နယ် ဒေါ်ချောချော၏ နေအိမ်၌ ရက်လည် ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်မြမြကြည်(၇၆)နှစ်

(ပျဉ်းမနား)

ပျဉ်းမနားမြို့ (ကျောင်းအုပ်ဆရာကြီးဦးဘချစ်-ဒေါ်စောရီ)တို့၏ သမီး၊ မန္တလေးမြို့ (စိုက်ပျိုးမင်းကြီး ဦးခင်-ဒေါ်ရင်နု)တို့၏ သမီးချွေးမ၊ မန္တလေးနန်းရှေ့အနိုပ်တော်ရပ် ၂၂လမ်းနှင့် ၆၄လမ်းထောင့်နေ ဦးတင်ဝင်း(ရောင်း/ စက်ဌာနမှူး - သစ်လုပ်ငန်း/ငြိမ်း)၏ ဇနီး၊ ဒေါ်အေးအေးဝင်း (အထက-၈)၊ ဦးမိုးကျော်(မန်နေဂျာ အင်ဂျင်နီယာသစ်လုပ်ငန်း)-ဒေါ်မာမာဝင်း၊ ဦးဇော်ဝင်းအောင် - (ဒေါ်တင်တင်ရီ)၊ ဒေါက်တာညီညီဝင်း(အောင်ချမ်းသာဆေးခန်း)တို့၏ ကျေးဇူးရှင်မိခင်သည် ၃၀-၁၀-၂၀၀၃ရက် နံနက် ၃း၁၅နာရီတွင် ကွယ်လွန်ပါ၍ ၃၁-၁၀-၂၀၀၃ရက် ညနေ ၃နာရီတွင်ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးမြင့်ဦး (၆၅)နှစ်

ဒု-ရဲမှူး(ငြိမ်း)

(ညောင်တုန်း)

ညောင်တုန်းမြို့နေ (ဦးလှမောင်-ဒေါ်စိန်စိန်)တို့၏ သား၊ အမှတ်(၄၈၂/က)၊ ရွှေသွေးလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက်နေဒေါ်စုစုဝင်း၏ ခင်ပွန်း၊ ဦးလှ-ဒေါ်ရီရီ၊(ဒေါက်တာဆာရ်ဝမ်ဆင်း-ဒေါ်ခင်ခင်မြ)တို့၏ မောင်၊ ဒေါ်နီနီယဉ်၊ ဦးကျင်ရှိန်-ဒေါ်သက်ယုတို့၏ အစ်ကို၊ ကိုအောင်နိုင်ဦး-မလှဲ့လှဲ့မြင့်၊ ဦးသာရင်-ဒေါ်နီနီဦး၊ဒေါ်သီတာဦး၊ ကိုလွင်ဦး-မမျိုးမျိုးနိုင်၊ မသီတာအေး၊ မောင်ဘီလီ-မခိုင်ခိုင်စိုး (ခေတ္တ-မလေးရှား)တို့၏ ဖခင်၊ မြေး၁၂ယောက်တို့၏ အဘိုးသည် ၂၉-၁၀-၂၀၀၃ရက်နံနက်၀၂း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ကျော်သူရအောင်(ခ)

အရှည်ကြီး

အသက်(၂၇)နှစ်

ပတ္တမြားဈေး

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)လမ်း၊ အမှတ်(၁၆၄)နေ (ဦးထင်ကျော်၊မော်ကွန်းဝင်ဒုတိယဆင့်)-ဒေါ်မေမေခင်တို့၏မြေး၊ ဒေါပုံမြို့နယ်၊ ယမုံနာရိပ်မွန်အိမ်ရာ၊တိုက်(A-1)၊အခန်း(၄၇)နေ ဦးကျော်မြင့်-ဒေါ်ခင်အုန်းကျော်တို့၏ ချစ်လှစွာသောသားကြီး၊ မောင်ကျော်စည်သူအောင်၏ အစ်ကို မောင်ကျော်သူရအောင် (ခ) အရှည်ကြီးသည် ၁၉-၁၀-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်ပါ၍ ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၆၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၆၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ကိုကိုးကျွန်းမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစစ်ဆေး

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း အခမ်းအနားသို့ တက်ရောက်၍ ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးထိုးနှံမှုကို ကြည့်ရှုအားပေးစဉ်။ (ထ-ပ-ဆ)

ရန်ကုန် အောက်တိုဘာ ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၆နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့မှ ထွက်ခွာလာရာ ကိုကိုးကျွန်းမြို့သို့ နံနက် ၈နာရီတွင် ရောက်ရှိကြသည်။

အလှူငွေပေးအပ်

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ရှိ ဇိနမာရဇိန်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီးနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စေတီတော်ဂေါပကအဖွဲ့ဝင်များထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့သည် သာသနာ့မဏ္ဍိုင်ကျောင်းတိုက်သို့ သွားရောက်ကာ ဆရာတော်ဦးကောဝိဒစာရအား ဖူးမြော်ကန်တော့ပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သာသနာ့မဏ္ဍိုင်ကျောင်းတိုက်အတွင်းတည်ဆောက်လျက်ရှိသော သာသနာ့ပါလဓမ္မရက္ခိတဓမ္မာရုံတည်ဆောက်ရေးအတွက် အလှူငွေများကို အသီးသီးပေးအပ်လှူဒါန်းကြရာ တည်ဆောက်ရေးလုပ်ငန်း တာဝန်ခံက လက်ခံရယူသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကျောင်းတိုက်အတွင်း ဝတ်ရွတ်စဉ်များ ရွတ်ဆိုပူဇော်နေကြသော ဝတ်အသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီးနောက် သာသနာ့ပါလ ဓမ္မရက္ခိတဓမ္မာရုံ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

၂၀၀၂ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် အောက်တိုဘာ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးကျင်းပသော စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ၂၀၀၂ခုနှစ်အတွက် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို နန်းမိုးစောအောင်၏ "နှလုံးလှဂုဏ်ရည်" ကလည်းကောင်း၊ တတိယဆုကို ကေ(တောင်တန်းပြာ)၏ "သောင်းရင်းမြစ်ကို သက်သေတည်၍"က လည်းကောင်း ရရှိသည်။ **စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ❍

မြန်မာနိုင်ငံအနေနှင့် ၅၂ သန်းသော ပြည်သူများ၏ အကျိုးစီးပွားကိုသာ ဦးထိပ်ထားဆောင်ရွက်သွားမည် မည်သည့် ခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှုများကြောင့် မိမိတို့ ရှေ့လုပ်ငန်းစဉ်မှသွေဖည်သွားမည်မဟုတ် အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့မှု မည်သို့မျှထိရောက်မှုမရှိ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုကို သန္နိဋ္ဌာန်ချ၍ ထိထိရောက်ရောက် ဆောင်ရွက်နေ အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် ပိုမို၍ အပြုသဘောဆောင်သည့်မူဝါဒများချမှတ်ရန် အချိန်ကျပြီ

ရန်ကုန် အောက်တိုဘာ ၃၀

အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံ အခြေအနေနှင့် ပတ်သက်သည့် ခြောက်လပတ် အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ ၃၀ရက် ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက် တစ်ရပ်ထုတ်ပြန်သည်။ အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ အခြေအနေနှင့် ပတ်သက်သည့် ခြောက်လပတ် အစီရင်ခံစာတစ်စောင်ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏အစီရင်ခံစာသည်မြန်မာနိုင်ငံ၏ပကတိအခြေအနေအမှန်ကိုထင်ဟပ်ခြင်းမပြုရုံသာမက အခြေခံအားဖြင့် မှားယွင်းနေသည့်အတွက် အလွန်တရာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။

အဆိုပါ အစီရင်ခံစာသည် ဓမ္မဓိဋ္ဌာန်ကျမှုမရှိဘဲ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးရန် ကြိုးပမ်းလှုံ့ဆော်မှု သက်သက်သာဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ကြီးမားသည့် ပြောင်းလဲတိုးတက်မှုများကို မျက်ကွယ်ပြုထားပြီး၊ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို လျစ်လျူရှုထားပါသည်။

ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရ၏ စနစ်တကျ ကြိုးပမ်းဆောင်ရွက်မှု အဆင့်ဆင့်သည် ငြင်းကွယ်၍ မရနိုင်သည့် ဆောင်ရွက်ချက်ပင်ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံတော်သို့ ချောမွေ့စွာ ပြောင်းလဲရေးကို အာမခံသည့် နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို နိုင်ငံတော်တစ်ဝန်းလုံးရှိ ပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံလျက်ရှိပါသည်။နိုင်ငံတော်၏ပကတိအခြေအနေများနှင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ★